**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်သစ် ရှေ့သို့ချီ မဲရုံသွားလို့ မဲပေးမည်။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၄၃)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့ပြောကြားသည့် အဖွင့်ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း** စာ - ၅ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ခိုင်မာသည့်သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ **စာမျက်နှာ ၁၇ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်)

# အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်းရှိသူရွေးချယ်ပေးရေး

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင်ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ အတိုင်းအတာတစ်ခုအထိဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ပိုမိုများပြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလလည်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့်ဖြေရှင်းနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများလျော့ပါးသွားခဲ့သည်။ ထိုကဲ့သို့ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကိုကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများလုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ကြရသည်။

ထို့နောက် ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများလျော့ပါးလာခဲ့ပြီး ဆူပူအကြမ်းဖက်မှုများသည်လည်းလျော့ပါးသွားခဲ့သည်။ သို့သော် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားနိုင်ရန် တပ်မတော်မှအရာရှိကြီးများအား တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ခြောက်လအတွင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးသဘောထားကွဲပြားမှုများနှင့် နိုင်ငံရေးလှုံ့ဆော်သွေးထိုးမှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များပေါ်ပေါက်လာခဲ့ပြီး EAO များမှလည်း အကြမ်းဖက်သင်တန်းများသင်ကြားပေးခဲ့ကြသည်။ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့်ပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန်မကြိုးစားဘဲ အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန်လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်သည်။

နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့်ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေချဲ့အမြတ်ထုတ်လိုမှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု စသည့်သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ ထိခိုက်ဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်စေခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁၃ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"တပ်မတော်သည်နိုင်ငံတော်နှင့်အမျိုးသားရေးကိုသစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကိုဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်ကိုအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးခုအပြန်အလှန်ထိန်းကျောင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်ဥပဒေများကို ဥပဒေနှင့်အညီပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဥပဒေပညာရပ်များကိုသိရှိနေရန်လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ဥပဒေပြုရေးဖြစ်သည့် လွှတ်တော်တွင်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ထိုက်သင့်သည့်အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် အနည်းဆုံးအဆင့် တက္ကသိုလ်ဝင်တန်းတက်ရောက်ပြီးဆုံးသူများဖြစ်ရန် သတ်မှတ်ထားရှိခြင်းဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ပါတီစုံဒီမိုကရေစီစနစ်တွင်ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကိုအောင်မြင်စွာကျင်းပပေးနိုင်ရန် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မကြာမီရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။ ဆန္ဒမဲများပေးရာတွင် **တိုင်းပြည်နှင့်ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင်ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူ**များကိုရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုသည်။စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဥပဒေကိုမဖြစ်မနေသိရှိနေရန်လိုအပ်သည်။ အထူးသဖြင့် ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ပိုမို၍နားလည်သိရှိနိုင်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများအနေဖြင့် မိမိနိုင်ငံ၏အနာဂတ်ကောင်းကျိုးအတွက် အမှန်တကယ်အရည်အချင်းရှိသူများကိုရွေးချယ်ပေးကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကိုဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက်သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် **၁၁ ရက်** သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မုံရွာမြို့နယ်၌ မြေပဲ ၄၂၇၈ ဧက စိုက်ပျိုးပြီးစီး

မုံရွာ ဒီဇင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ဒီဇင်ဘာလ ၁၅ ရက်အထိ ၄၂၇၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် မုံရွာမြို့နယ်မှာ မြေပဲသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

စိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီး H.E. Haji Mohamad Sarif Pudin bin Matser–udin အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်သမားကဏ္ဍအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်ဝင်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာအေးသက်သက်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာခိုင်ခိုင်စန်း<br>ဒုတိယပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဝင်းဝင်းအိ<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဝင်းထိုက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**၁၆-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်း**မှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°c | / | ၃၀°c |
| ရန်ကုန် | ၂၁°c | / | ၃၃°c |
| မန္တလေး | ၁၆°c | / | ၃၁°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ တွင် ကျင်းပလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဦးမြင့်လွင်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် ဦးပေါ်ငြိမ်းတို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင်အဆိုပြုချက်(၄)ရပ်တင်သွင်းပြီး ထောက်ခံဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ညီလာခံတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်မှာချက်များကို အလေးအနက်ထားဆောင်ရွက်ကြရန်နှင့် ညီလာခံတွင် တင်သွင်းခဲ့ကြသည့် အဆိုပြုချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးဟန်ငြိမ်းက အဆိုပြုချက် အမှတ်(၁)ဖြစ်သော “မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပညာရပ်ဆိုင်ရာလက်တွေ့သင်တန်းများ၊ ဆွေးနွေးပွဲများတိုးမြှင့်ဆောင်ရွက်ရန်” အဆိုကိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ချောနန္ဒာခိုင်က ထောက်ခံဆွေးနွေးသည်။

အဆိုပြုချက်အမှတ်(၂)ဖြစ်သော“မိမိတို့ပတ်ဝန်းကျင်ရှိ အပင်များနှင့်မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံများကိုသိရှိနားလည်စေရန်နှင့် မိသားစုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တိုင်းရင်းဆေးအသိပညာပေးခြင်းကိုဆောင်ရွက်ရန်”ကို နေပြည်တော် ပြည်ထောင်စုနယ်မြေမှ ညီလာခံကိုယ်စားလှယ်ဒေါ်သန္တာဝင်းက တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးစိန်ဦးက ထောက်ခံဆွေးနွေးကာ ညီလာခံနံနက်ပိုင်း အစီအစဉ်ကို ရပ်နားခဲ့သည်။

ယင်းနောက် ညီလာခံမွန်းလွဲပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကဦးသန်းညွန့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့အဖွဲ့ဝင်ဦးလှမြင့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် ဦးဝေဝင်းတို့ကဆောင်ရွက်ပြီး အဆိုပြုချက်အမှတ်(၃) ဖြစ်သော “ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာ၏အခန်းကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်”အဆိုကို ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်လှလှဌေးကတင်သွင်းပြီး ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးငွေသိမ်းမင်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက်အမှတ်(၄) ဖြစ်သော “ကျမ်းဂန်လာတိုင်းရင်းဆေးဖုံများ၏ ရောဂါကုသရာတွင် ထိရောက်မှုကို



သိပ္ပံနည်းကျဖော်ထုတ်ဆောင်ရွက်ရန်နှင့် မူပိုင်ခွင့်ရရှိနိုင်ရေးဆောင်ရွက်ရန်” အဆိုကို ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်ဥမ္မာအေးက တင်သွင်းပြီး ဆေးဝါးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာသက်သက်ဖြိုးဇော်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့သောဂုဏ်ပြုမိန့်ခွန်းနှင့်နိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးညိုစော၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များအား မှတ်တမ်းတင်ပြီး လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူဆောင်ရွက်သွားရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တင်သွင်းသည့်အဆိုပြုချက်များနှင့်ပတ်သက်၍ အစည်းအဝေး၏ဆန္ဒသဘောထားရယူပြီး အဆိုများအား အတည်ပြုမှတ်တမ်းတင်ကြောင်း သိရသည်။

မြဝတီ

MINISTRY OF HEALTH
(၂၄)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇)　　နေပြည်တော်

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်
MCRD
"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ထားရှိမည့် မဲရုံနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံထားရှိမည့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၆


တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံထားရှိမည့်နေရာများအား ယနေ့ ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လွှတ်တော်များအလိုက် မဲပုံးများထားရှိမည့်နေရာ၊ မဲရုံမှူးများထားရှိမည့်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာ၊ MEVM စက်ကိုင်တွယ်သူနေရာ၊ အီလက်ထရောနစ်မဲပေးစက်များ (MEVM)ထားရှိမည့်နေရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မဲရုံသွားလို့ မဲပေးစို့

❖ ဒီမိုကရေစီ နိုင်ငံသစ်
ဖြစ်ထွန်းဖို့ တို့ဦးတည်။
ရွေးကောက်ပွဲ ခရီးလမ်း
ဖြတ်သန်းရမည်။
လူကောင်းလူတော် ရွေးချယ်မည်
လက်တွဲညီ တစ်စိတ်တစ်ဝမ်း။
မဲပေးကာ ရွှေရောင်ခေတ်
ထွန်းသစ်ပွင့်လန်း။
❖ ပါတီစုံ ရွေးကောက်ပွဲ
လက်တွဲလို့ ချီတက်ကာ
မဲပေးကြပါ။
ပြည့်ကောင်းကျိုး ရည်မျှော်ကာ
ရိုးသားစွာ ဖြည့်ဆည်းပေး။
ဒီမိုကရေစီ တစ်ခေတ်ဆန်း
ပွင့်လန်းပြီလေး။
❖ ဒီဇင်ဘာ နှစ်ဆယ့်ရှစ်
သမိုင်းသစ် ဖွင့်တော့မည်။
ဒီမိုကရေစီ ပေါ်ထွန်းရေး
အားပေးယုံကြည်။
အနာဂတ် ခေတ်သစ်ဆီ
မှန်းမျှော်ရည် အားသစ်မွေး။
မဲရုံဆီ ရောက်အောင်ပြေးလို့
မဲပေးစို့လေး။ ။

မောင်ထည်ဝါ(ပျော်ဘွယ်)




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | -၀.၅°C |
| တီးတိန် | ၄.၅°C |
| ဟဲဟိုး | ၄.၅°C |
| ပူတာအို | ၅°C |
| လွိုင်လင် | ၅.၆°C |
| ပင်လောင်း | ၆°C |
| မချမ်းဘော | ၇°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၇.၅°C |
| မင်းကင်း | ၈°C |
| နောင်ချို | ၈.၃°C |
| ပြင်ဦးလွင် | ၈.၉°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၆ |
| ရှမ်း(မြောက်) | ၁၀ | ၂၇ |
| ရှမ်း(အရှေ့) | ၁၃ | ၂၇ |
| ရှမ်း(တောင်) | ၈ | ၂၅ |
| ချင်း | ၂ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၈ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၀ |
| နေပြည်တော် | ၁၆ | ၃၀ |
| မန္တလေး | ၁၆ | ၃၁ |
| မကွေး | ၁၅ | ၃၁ |
| ရခိုင် | ၁၈ | ၃၂ |
| ပဲခူး | ၁၇ | ၃၃ |
| ရန်ကုန် | ၂၀ | ၃၃ |
| ဧရာဝတီ | ၂၀ | ၃၂ |
| ကယား | ၁၀ | ၂၈ |
| ကရင် | ၂၀ | ၃၃ |
| မွန် | ၂၀ | ၃၄ |
| တနင်္သာရီ | ၂၀ | ၃၄ |

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားကပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

### MWD Education, Knowledge & Sports Channel

၁၇-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၀၀ – ၀၈:၃၀ Grade – 7 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ – ၁၆:၅၅ Grade – 7 အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၃။ ၁၆:၅၅ – ၁၇:၅၀ Grade – 7 သင်္ချာ(၂)၊ ပထဝီဝင်
၄။ ၁၇:၅၀ – ၁၇:၂၀ Grade – 7 သမိုင်း၊ သိပ္ပံ

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၃။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၄။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

### MWD Variety Channel

၁၇-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၁:၃၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၆:၂၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၅။ ၁၇:၃၅ Knowledge Note

# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့ပြောကြားသည့် အဖွင့်ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း

( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် )

**အားလုံးမင်္ဂလာပါ။**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံနိုင်ကြပါစေ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ မြန်မာ့အမွေအနှစ်တိုင်းရင်းဆေးပညာကို မြတ်နိုးတန်ဖိုးထားလျက် ထိန်းသိမ်းမြှင့်တင်နိုင်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။



> ❖ **အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဆေးဝါးတွေကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖို့နဲ့ ပြည်သူတစ်ရပ်လုံးကို တိုင်းရင်းဆေးနဲ့ ကျန်းမာရေးပိုမိုစောင့်ရှောက်မှုပေးနိုင်ဖို့၊ မြန်မာ့တိုင်းရင်းဆေးတွေ အဆင့်အတန်းမြင့်စေဖို့အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်တွေကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိ . . .**
>
> ❖ **မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်နဲ့ နိုင်ငံတကာအဆင့်မီ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနဲ့ အရည်အသွေးမြင့်ထုပ်ပိုးခြင်းတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ပြီး ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ တိုးတက်လာနိုင်မှာဖြစ် . . .**
>
> ❖ **အများပြည်သူတွေ နေ့စဉ်သုံးစွဲနေကြတဲ့ တိုင်းရင်းဆေးဝါးတွေ ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးနဲ့အာနိသင်ပြည့်ဝတဲ့ဆေးဝါးတွေဖြစ်ဖို့လို၊ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ဟာ အရေးကြီးတဲ့အတွက် ဓာတ်ခွဲခန်းဝန်ထမ်းတွေရဲ့စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးဖို့လိုအပ်၊ မရိုးသားသောနည်းနဲ့တိုင်းရင်းဆေးရဲ့ဂုဏ်ဒြပ်ကိုထိခိုက်အောင် ပြုလုပ်နေမှုများကိုလည်း ထိရောက်စွာကာကွယ်ဟန့်တားသွားဖို့လို . . .**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွေကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ ယခုဆိုရင် (၂၄)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခုနှစ်ညီလာခံကို

- **မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်၊**
- **ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိအပင်များနှင့် မီးဖိုဆောင်သုံးပစ္စည်းများ၏ဆေးဖက်ဝင်ပုံကို သိရှိနိုင်စေရန်၊**
- **တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊**
- **ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန်** စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပသွားမယ်လို့သိရပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာရှေးအစဉ်အဆက်ကတည်းကနေ ယနေ့အချိန်အထိ နိုင်ငံသားတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်ရဲ့ကျန်းမာရေးမူဝါဒတွေနဲ့အညီ တိုင်းရင်းဆေးပညာ၊ ဆေးဝါးတွေနဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ဖို့ရည်ရွယ်ပြီး ညီလာခံနဲ့နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပနေတာပဲဖြစ်ပါတယ်။ ဒီနေ့အချိန်အခါဟာ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက်(၄)ရပ်မှာပါဝင်တဲ့ **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုတဲ့ဦးတည်ချက်နဲ့အညီ အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်တဲ့ ကျန်းမာရေးကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ဆေးဝါးတွေကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖို့နဲ့ ပြည်သူတစ်ရပ်လုံးကို တိုင်းရင်းဆေးနဲ့ ကျန်းမာရေးပိုမိုစောင့်ရှောက်မှုပေးနိုင်ဖို့၊ မြန်မာ့တိုင်းရင်းဆေးတွေ အဆင့်အတန်းမြင့်စေဖို့အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်တွေကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။ ယခုဆိုရင် တိုင်းရင်းဆေးပညာရပ်တွေ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ အရည်အသွေးပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ ပိုမိုမွေးထုတ်ပေးနိုင်ဖို့အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစပြီး တိုင်းရင်းဆေးပညာပါရဂူဘွဲ့ (ပထမအကြိမ်)သင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာ့သမိုင်းစဉ် တစ်လျှောက် ပြန်ကြည့်မယ်ဆိုရင် ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးနဲ့စောင့်ရှောက်ခဲ့ကြတဲ့အစဉ်အလာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ကျန်းမာရေးကိုစောင့်ရှောက်ကုသမှုပေးရာမှာ တိုင်းရင်းဆေးဆိုင်ရာကုထုံးစွမ်းရည် မြှင့်မားရေးအတွက် အကြောပညာသင်တန်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လနဲ့ ဩဂုတ်လတို့မှာ (ခုတင်-၁၀၀) ဆံ့တိုင်းရင်းဆေးရုံ နေပြည်တော်နဲ့ ရန်ကုန်တို့မှာ ဖွင့်လှစ်ပေးခဲ့တာတွေ့ရပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ချိန်တွေမှာ ပြည်သူလူထုကို မြန်မာ့တိုင်းရင်းဆေးနဲ့ တစ်တပ်တစ်အား ပါဝင်ကူညီစောင့်ရှောက်ခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကိုလေးစားတန်ဖိုးထားတတ်စေဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တိုင်းရင်းဆေး အသိပညာပေးလုပ်ငန်းတွေတိုးမြှင့်ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာနဲ့ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရလို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အဖွဲ့ဝင်နိုင်ငံတွေကြားမှာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေသလို တိုင်းရင်းဆေးကဏ္ဍတွေမှာလည်း အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်နဲ့ နိုင်ငံတကာအဆင့်မီ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနဲ့ အရည်အသွေးမြင့်ထုပ်ပိုးခြင်းတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ပြီး ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံစီးပွားရေး အသိုက်အဝန်းရဲ့ တိုင်းရင်းဆေးဝါးနဲ့ ကျန်းမာရေးဖြည့်စွက်စာများကဏ္ဍမှာ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ဖို့၊ နည်းပညာလိုအပ်ချက်တွေ၊ လမ်းညွှန်ချက်တွေ တစ်သမတ်တည်းဖြစ်စေဖို့နဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့်လည်း အခု ၂၀၂၅ ခုနှစ်အတွင်း စင်ကာပူနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၃၇)ကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးနဲ့ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ၊ ထိုင်းနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံနိုင်ငံများအတွင်း တိုင်းရင်းဆေးနဲ့နှီးနွှယ်သုတေသနပညာရပ်ဆိုင်ရာညီလာခံ၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာကျင်းပပြုလုပ်ခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံများရဲ့ တိုင်းရင်းဆေးကုန်ကြမ်းများနဲ့ပတ်သက်တဲ့ အရည်အသွေးမီ သုတေသနပြုလုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ တရုတ်နိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ တတိယအကြိမ်တရုတ်တိုင်းရင်းဆေးထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညီလာခံ၊ တရုတ်နိုင်ငံ၊ ကွမ်ရှီးဒေသမှာ ကျင်းပပြုလုပ်တဲ့ အာဆီယံနိုင်ငံများအတွက် ခရီးသွားကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်စတာတွေကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်ပြီး တက်ရောက်ဆွေးနွေးခဲ့တာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင်ဒေသ အစရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းဆေးပညာကဏ္ဍတွေမှာ အတူပူးပေါင်းဆောင်ရွက်နေတာလည်းတွေ့ရပါတယ်။

အများပြည်သူတွေ နေ့စဉ်သုံးစွဲနေကြတဲ့ တိုင်းရင်းဆေးဝါးတွေ ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးနဲ့အာနိသင်ပြည့်ဝတဲ့ ဆေးဝါးတွေဖြစ်ဖို့လိုပါတယ်။ ဒီနေရာမှာ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ဟာ အရေးကြီးတဲ့အတွက် ဓာတ်ခွဲခန်းဝန်ထမ်းတွေရဲ့စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ အလားတူ မရိုးသားသောနည်းနဲ့တိုင်းရင်းဆေးရဲ့ဂုဏ်ဒြပ်ကိုထိခိုက်အောင် ပြုလုပ်နေမှုများကိုလည်း ထိရောက်စွာကာကွယ်ဟန့်တားသွားဖို့လိုပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ မိမိတို့ရေမြေသဘာဝ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေအရ

**စာမျက်နှာ ၆ သို့ ■**

■ စာမျက်နှာ ၅ မှအဆက်

တိုင်းရင်းဆေးပညာရပ်တွေ တည်ရှိနေကြတာမို့ ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာရပ်အနေနဲ့ အားကိုးအားထားပြုနေကြဆဲဖြစ်ပါတယ်။ အခြားအခြားသောဆေးပညာနဲ့ဆေးဝါးတွေတိုးတက်လာလို့ အသုံးပြုနေကြပြီဖြစ်သလို တိုင်းရင်းဆေးပညာနဲ့ ဆေးဝါးများဟာလည်း ကျန်းမာရေးအတွက် ဆက်လက်မှီခိုအားထားအသုံးပြုနေကြရမှာဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ မြန်မာတို့ရဲ့တိုင်းရင်းဆေးပညာအရ မိမိတို့ပတ်ဝန်းကျင်မှာရှိတဲ့အပင်တွေနဲ့ မီးဖိုဆောင်သုံးပစ္စည်းတွေရဲ့ ဆေးဖက်ဝင်ပုံတွေကို သိရှိနားလည်စေဖို့နဲ့မိသားစုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ပြီး သက်ရှည်ကျန်းမာစွာနဲ့ရောဂါဘယကင်းရှင်းစွာ နေထိုင်နိုင်စေဖို့အတွက်လည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် **"ပြည်သူလူထု ကျန်းမာရေး၊ တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး"** ဆောင်ပုဒ်အရ ပြည်သူလူထုကို နေ့စဉ်မျှတစွာ ပြုမူနေထိုင်စားသောက်တတ်စေဖို့အတွက် တိုင်းရင်းဆေးပညာရှင်တွေက ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးရခြင်းဟာ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ ပိုမိုစောင့်ရှောက်နိုင်ရေးကို ရည်မှန်းချက်ထားရှိပြီး ကျင်းပခြင်းဖြစ်လို့ ဒီညီလာခံကြီးမှာတွေ့ဆုံကြတဲ့ နိုင်ငံတစ်နံတစ်လျားက တိုင်းရင်းဆေးပညာရှင်တွေ စုပေါင်းညီညာချစ်ခင်ရင်းနှီးစွာနဲ့ တိုင်ပင်ဆွေးနွေးနှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးနဲ့ဆေးပညာဖွံ့ဖြိုးတိုးတက်မှု အရှိန်ကိုမြှင့်တင်ပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို ပိုမိုတိုးမြှင့်စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တွေ့ဆုံပွဲသို့တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးမြို့သို့ရောက်ရှိကြရာ လေဆိပ်တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့်ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ

**စာမျက်နှာ ၇ သို့ ⊃**

၁ စာမျက်နှာ ၆ မှအဆက်

ဗလမင်းထင်ခန်းမသို့ သွားရောက်၍ မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခု ဒီဇင်ဘာလ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမအပိုင်းကို မြို့နယ် ၁၀၂ မြို့နယ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအပိုင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် တတိယအပိုင်းကို (၂)ပတ်အကြာတွင်လည်း မြို့နယ် ၇၂ မြို့နယ်တို့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တပ်မတော်က ဦးစီးကျင်းပသွားမည် ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကျရာကဏ္ဍမှ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပရန် ကျန်ရှိသည့် မြို့နယ်၅၆ မြို့ နယ်ကိုလည်း အတတ်နိုင်ဆုံးကြိုးစားဖြတ်ရွေးကောက်ပွဲပြုလုပ်ရန် ရည်ရွယ်ထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုများကြောင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူခဲ့ရကြောင်း၊ ယခု ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို တပ်မတော်က ဦးဆောင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍ မရနိုင်သည့် ဒီဂျစ်တယ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံပေါင်း ၃၄ နိုင်ငံက အသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး တစ်အိမ်တက်ဆင်းဖြင့် လိုအပ်သည့် အချက်အလက်များကို စိစစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများမဲပေးခွင့် မဆုံးရှုံးစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျရာကဏ္ဍမှ လစ်ဟာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ စေတနာ့

**❖ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တပ်မတော်က ဦးစီးကျင်းပသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံးမဲပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကျရာကဏ္ဍမှ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**

**❖ မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပါတီစုံဒီမိုကရေစီလျှောက်လှမ်းသည့်နိုင်ငံတွင် နေထိုင်သူများဖြစ်၍ ရွေးကောက်ပွဲတွင်မဲပေးရန် တစ်ဦးချင်းတာဝန်ရှိ . . .**

**❖ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရမည်ဖြစ် . . .**

**❖ မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိ ဆောင်ရွက်ကြရန်လို၊ တပ်မတော်အနေဖြင့်တပ်မတော်သားများ၏ သက်သာချောင်ချိရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာ ချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

ဝန်ထမ်း၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပါတီစုံဒီမိုကရေစီလျှောက်လှမ်းသည့်နိုင်ငံတွင် နေထိုင်သူများဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးရန်တစ်ဦးချင်း တာဝန်ရှိပါကြောင်း၊ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို တစ်ချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် ယခု ကျင်းပမည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဖြစ်မနေပါဝင်၍ မဲပေးကြရမည်ဖြစ်ကြောင်း၊ **မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးစီးဦးရွက်ပြုလုပ်နိုင်သူများနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လို**ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

တပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျ နေထိုင်စားသောက်သွားရန်လည်းလိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကိုယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည် ဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိသည် ပင်ကိုဗီဇပါသည့်သူ အနည်းငယ်သာရှိပြီး ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာကျွမ်းကျင်မှုများဖြင့် မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများသည်နိုင်ငံတော်ကို ကာကွယ်ရန်တာဝန်ရှိသည့်အတွက် မူလတာဝန်များကိုလည်း မလစ်ဟင်းအောင်၊ တရားသဖြင့် ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် ဆိုသည့် စွမ်းရည်သုံးရပ်ပြည့်ဝနေရန် လိုအပ်ပြီး တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကိုလည်း ထိန်းသိမ်းကာကွယ်သွားကြရန်လိုကြောင်း၊ ထိုသို့ စွမ်းရည်သုံးရပ်ပြည့်စုံရန်မှာ တပ်ရင်း/တပ်ဖွဲ့အလိုက် လေ့ကျင့်ရေးဖြင့်တည်ဆောက်၊ အုပ်ချုပ်ရေးဖြင့်တည်ဆောက်၊ သက်သာချောင်ချိရေးဖြင့် တည်ဆောက်၊ စိတ်ဓာတ်ဖြင့် တည်ဆောက်ဆိုသည့် တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန် (၄)ရပ်ကိုလည်း နိစ္စဓူဝ လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများကို တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ်ကြည့်ရှုပြီး အချိန်မီ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း/တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကိုဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်နှင့် အောက်အပြန်အလှန်လေးစားယုံကြည်မှုရှိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လုပ်ငန်းလမ်းစဉ်ပါ တပ်မတော်သားတစ်ဦးချင်း ပြုကျင့်လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ် ၂၀ ပါးပါ ရိုးရိုးပဲနေထိုင်စားသောက်ပါ၊ မိမိဝင်ငွေနှင့် ထွက်ငွေညီမျှပါစေဆိုသည့် အချက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားခြင်းရှောင်ပါ၊ တံစိုးလက်ဆောင်ကို မစင်ကဲ့သို့ ရွံရှာစက်ဆုပ်ပါဆိုသည့် အတိုင်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြရန် လိုကြောင်း၊တပ်မတော်အနေဖြင့်တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝတိုးတက်ရေးအတွက် အလိမ္မာစာမှာရှိ ဆိုသည့်အတိုင်း တပ်တိုင်းတွင် စာကြည့်တိုက်များထားရှိပေးထားပြီးဖြစ်၍ စာကောင်းပေမွန်များကို ဖတ်မှတ်လေ့လာကြရန် လိုကြောင်း၊ စာများများ ဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုးကို ခွဲခြားနိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စာများများ တိုးတက်ဖတ်ရှုကြရန်လိုကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့်လေးသင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင့်လေးသင့်ဆိုသည်မှာ သွားသင့်သည့် နေရာကိုသွားရန်၊ ပြောဆိုသင့်သည့်စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပေါင်းသင်းသည့် သူကိုသာပေါင်းသင်းသွားရန်တို့ ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် နိုင်ငံသားကောင်းများဖြစ်အောင်ပေးအပ်သည့်တာဝန်များကိုသစ္စာရှိစွာဖြင့် ကျေပွန်စွာထမ်းဆောင် သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာတိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအမေး/အဖြေများ

**၁၄-၁၂-၂၀၂၅ ရက် သတင်းစာရှင်းလင်းပွဲမှအဆက်**

**Popular News ဂျာနယ်မှ အကြီးတန်းသတင်းထောက် ဒေါ်မဥ္ဇူဇော်တိုး**က မင်းလက်ပံရှိ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများနှင့်တရားမဝင် ဝင်ရောက်နေထိုင်နေသည့် ပြည်ပနိုင်ငံသားများကိစ္စကို အစိုးရနှင့်တပ်မတော်အနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းသွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။



**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မင်းလက်ပံကိစ္စကို မီဒီယာများလည်း သိရှိပြီးဖြစ်ကြောင်း၊ မင်းလက်ပံကိစ္စသည် KNU အနေနှင့် အွန်လိုင်းလိမ်လည်မှုများကို ကျူးလွန်ပြီးသည့်နောက်ပိုင်းတွင် အွန်လိုင်းလိမ်လည်မှုနှင့် ၎င်းတို့မပတ်သက်ကြောင်းကိုပြလိုသည့် လုပ်ကွက်တစ်ခုဖြစ်သည်ကို မိမိအနေဖြင့် ပထမဦးဆုံးပြောလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အမြစ်ပြတ်အောင် ဖြေရှင်းနေသည့်အပေါ်တွင် အာရုံပြောင်းရန်အတွက် KNU အနေဖြင့် ၎င်းတို့ကိုယ်တိုင်ပါဝင်ပတ်သက်နေသည့် KKO အဖွဲ့ကို (KKO အဖွဲ့နှင့် KNU အဖွဲ့အချို့နေရာများတွင် မည်ကဲ့သို့ပတ်သက်ခဲ့သည်၊ မည်သို့ဖြစ်ပေါ်လာသည်ကို မိမိယခင်ကတည်းကလည်း ပြောပြီးဖြစ်ကြောင်း)ဟန်ပြသိမ်းပိုက်ပြီး ၎င်းတို့ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေသည့်အကြောင်းကို လူမသိအောင် လုပ်ရန်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် ပြောလိုပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီးလည်း PowerPoint တွင် မိမိတို့ပြထားကြောင်း၊ မိမိတို့ကိုလည်း ပြည်ပနိုင်ငံတစ်ခုကသံရုံးမှတစ်ဆင့် မင်းလက်ပံကိစ္စတွင်သေဆုံးခဲ့သည့် ၎င်းတို့နိုင်ငံသားများရှိသည်ကိုလည်း သတင်းလက်ခံရရှိပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့်လည်း စုံစမ်းဖော်ထုတ်လျက်ရှိပါကြောင်း၊ စုံစမ်းဖော်ထုတ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများနှင့်ပတ်သက်ပြီး မိမိပြောကြားခဲ့သည့်အတိုင်း အမြစ်ပြတ်သည်အထိ သုတ်သင်ချေမှုန်းသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မည်သည့်နေရာဒေသတွင်ရှိသည့်နေရာတွင်ဖြစ်စေ၊ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ချေမှုန်းသွားမည်ဖြစ်ကြောင်း၊ မေးခွန်းနှင့်ဆက်စပ်ပြီး မြန်မာ-ထိုင်းနယ်စပ်တွင်ဖြစ်ပေါ်နေသည့် တချို့အခြေအနေဖြင့် ပတ်သက်ပြီးလည်း ပြောလိုပါကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်တွင် မိမိတို့အနေနှင့်ထိန်းသိမ်းမှုများ၊ အဆောက်အအုံများမြေလှန်ဖျက်ဆီးမှုများဆောင်ရွက်နေကြောင်း၊ ဆောင်ရွက်နေရသည့် ရည်ရွယ်ချက်ကိုလည်း ပြောပြီးဖြစ်ကြောင်း၊ ယင်းကိုနှောင့်ယှက်ရန်အတွက် KNU အနေဖြင့် ထိုဒေသများတွင် တိုက်ပွဲဖြစ်စဉ်များ ဖော်ဆောင်နေခြင်းများရှိကြောင်း၊ မိမိတို့တပ်မတော်သားများနှင့်လည်း တိုက်ပွဲဖြစ်နေခြင်းများရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်လည်း ၎င်းတို့၏နယ်မြေထဲသို့ မြန်မာ့တပ်မတော်က ပစ်သည့်ကျည်များကျသည်ဟု ပြောကြားမှုများရှိကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး မိမိအနေဖြင့်လုံးဝမငြင်းပယ်ပါကြောင်း၊ မိမိတို့နှင့် ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ မိမိတို့တွင် နှစ်နိုင်ငံနယ်ခြားဒေသများနှင့် ပတ်သက်ပြီး အခြေခံအဆင့်ထိဖွဲ့စည်းပြီးဖြစ်ကြောင်း၊ မြို့နယ်အဆင့် နှစ်နိုင်ငံနယ်ခြားဒေသကော်မတီများ၊ ခရိုင်အဆင့်များ၊ ဒေသတွင်းအဆင့်များမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ သို့သော် မိမိပြောလိုသည်မှာ တချို့သည် မိမိတို့ဘက်က ပစ်လိုက်ခြင်းမဟုတ်ပါကြောင်း၊ KNU အနေဖြင့် ထိုင်းနှင့်မြန်မာကြားတွင် ပြဿနာဖြစ်အောင် တမင်သက်သက် လုပ်နေခြင်းဖြစ်ကြောင်း၊ KNU က တိုက်ပွဲဖြစ်သယောင်နှင့် ထိုင်းနိုင်ငံထဲကိုကျည်များကျအောင် ပစ်နေခြင်းများရှိကြောင်း၊ ယင်းနှင့်ပတ်သက်ပြီးလည်း ယခုမိမိပြမည့် မင်းလက်ပံတွင် ဖြစ်နေသည့်နေရာ၌ တမင်သက်သက် ထိုင်းနိုင်ငံထဲကို KNU များအနေနှင့် ၄၀ မမဖုံးသီးများ ပစ်သွင်းနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်း Video ဖိုင်ကို မိမိပြလိုပါကြောင်း၊ ၎င်းတို့ပစ်နေသည်မှာ ထိုင်းနိုင်ငံဘက်ကို ပစ်နေခြင်းဖြစ်ကြောင်း၊ မည်သည့်တိုက်ပွဲမျှမဖြစ်ဘဲ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ယင်းသည်သက်သေဖြစ်ကြောင်း၊ တစ်ဖက်တွင် သောင်ရင်းမြစ်ရှိပါကြောင်း၊ KNU များအနေဖြင့် မည်သည့်တိုက်ပွဲမျှ မဖြစ်ဘဲ သောင်ရင်းမြစ်ကိုကျော်ပြီး ထိုင်းနိုင်ငံထဲသို့ ပစ်နေသည့်သက်သေခံ Video ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်နေပြီး နှစ်နိုင်ငံကြားတွင် အထင်အမြင်လွဲအောင်၊ နှစ်နိုင်ငံကြားတွင် ပြဿနာဖြစ်အောင် ၎င်းတို့အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှသာ KNU ဆိုသည့်အဖွဲ့အစည်း၊ KNU နှင့် ပတ်သက်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် ရပ်တည်၍ရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်ခြားဒေသများတွင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

ယခုကဲ့သို့ပြဿနာဖြစ်မှ၊ နှစ်နိုင်ငံနယ်ခြားဒေသများတွင် မတည်မငြိမ်ဖြစ်မှ ၎င်းတို့၏ရပ်တည်မှု၊ ၎င်းတို့၏နေထိုင်မှုများသည် ခိုင်မာမည်ဖြစ်သည့်အတွက် ထိုကဲ့သို့ လုပ်ဆောင်နေခြင်းဖြစ်သည်ကို ပြောလိုပါကြောင်း၊ ထိုင်းနှင့်မြန်မာနိုင်ငံနှစ်နိုင်ငံသည် ဆက်သွယ်ဆက်ဆံရေးတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဆက်ဆံဆက်သွယ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ အထက်ပါအတိုင်း နှစ်နိုင်ငံအထင်အမြင်လွဲစေရန် လုပ်ဆောင်မှုများကို မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အမိမြေသစ္စာသတင်းစုံသတင်းဂျာနယ်မှ ဒုတိယအယ်ဒီတာချုပ် ဦးမျိုးမင်းလတ်**က အမြစ်ပြတ်နှိမ်နင်းရေးလမ်းစဉ်နှင့်



ပတ်သက်ပြီး လက်ရှိကရင်ပြည်နယ်အတွင်းရှိ NCA ကို လက်မှတ်ရေးထိုးထားသည့် DKBA ကဲ့သို့သောအဖွဲ့အစည်းမျိုး၊ KNU/ KNLA – PC ကဲ့သို့ အဖွဲ့အစည်းမျိုး၊ လက်ရှိနိုင်ငံတော်ကာကွယ်ရေးလက်အောက်တွင်ရှိနေသည့် BGF ကဲ့သို့ အဖွဲ့အစည်းမျိုးနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတချို့ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိပြောသွားသည့်အသုံးအနှုန်းများထဲတွင်ပါပြီးဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများထဲတွင် တချို့သော EAO အဖွဲ့များအပြင်၊ တချို့သော လက်နက်ကိုင်အဖွဲ့များပါဝင်နေသည်ကို မိမိပြောလိုပါကြောင်း၊ အဖွဲ့အစည်းအနေဖြင့် ပါဝင်သည်ဆိုခြင်းထက် အဖွဲ့အစည်းထဲတွင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းထဲတွင်ရှိသည့် ယင်းပုဂ္ဂိုလ်များ၏တစ်ဦးချင်းနောက်တွင်လိုက်နေသည့် အဖွဲ့ငယ်လေးများအလိုက်သော်လည်းကောင်း ဆောင်ရွက်နေခြင်းရှိပါကြောင်း၊ မိမိပြောလိုသည်မှာ မကောင်းသည့်သွေးဆိုလျှင် ဖောက်ထုတ်ပစ်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းတိုင်းတွင် ကောင်းသည့်လူရှိသကဲ့သို့ မကောင်းသည့်လူလည်းရှိကြောင်း၊ အဖွဲ့အစည်းအားလုံးသည် မကောင်းခြင်းမဟုတ်ပါကြောင်း၊ ယခုဆိုလျှင် ရွှေကုက္ကိုလ်တွင်လုပ်ဆောင်နေသည့်အထဲတွင် BGF အဖွဲ့ဝင်များပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းရှိပါကြောင်း၊ တချို့ BGF အဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင်ခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် ခွဲခွဲခြားခြားလုပ်ပစ်ရမည်ဖြစ်ကြောင်း၊ EAO များ၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့အစိုးရ၏မျက်နှာကို မကြည့်ချင်နေ၊ နိုင်ငံတော်၏မျက်နှာ၊ ပြည်သူလူထု၏မျက်နှာကိုပဲကြည့်ပါဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ဟိတ်အားသစ္စာ သတင်းစုံဂျာနယ်မှ အယ်ဒီတာချုပ် ဒေါ်ခိုင်စံပယ်ဦး**က ယခု



မိမိတို့မြန်မာနိုင်ငံသည် အခြားနိုင်ငံက ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု လုပ်ငန်းဆိုင်ရာများ၊ ကျူးလွန်ခဲ့တဲ့သူများ၊ ပါဝင်ပတ်သက်ခဲ့သည့်သူများကို စရိတ်များအကုန်ကျခံကာ ကျွေးမွေးစောင့်ရှောက်ပြီး ၎င်းတို့၏မူရင်းတိုင်းပြည်များသို့ ပြန်လည်အပ်နှံနေကြောင်းကို သိရပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသားများ တခြားနိုင်ငံတွင် ယင်းကဲ့သို့လုပ်ငန်းများထဲ ပါဝင်ပတ်သက်ခြင်းဖြစ်စေ၊ အခြားလုပ်ငန်းတစ်ခုခုတွင် ဥပဒေနှင့်မညီသည့် အသုံးချခံရခြင်းများဖြစ်စေ ဖြစ်ပွားခဲ့သည့် ပြည်သူများကိုတခြားနိုင်ငံများက မိမိတို့နိုင်ငံကို ယခုကဲ့သို့ပြုစုစောင့်ရှောက်ပြီး ပြန်လည်အပ်နှံပေးပါသလား၊ မည်မျှရှိခဲ့ပါသလဲဟု သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က နိုင်ငံတကာတွင် ယင်းကိစ္စများသည် နိုင်ငံတကာရာဇဝတ်မှုမြောက်ကြောင်း၊ နိုင်ငံတကာမှ မသမာမှုဖြင့် ထွက်ပြေးနေသည့် ရာဇဝတ်သားများ၊ ရာဇဝတ်ပြေးများက စုပေါင်းပြီးလုပ်ခြင်းဖြစ်ပါကြောင်း၊ သတင်းထောက်ကြီးမေးသည့်အရေအတွက်ကို အတိအကျမပြောနိုင်သော်လည်း နိုင်ငံတကာတွင်လည်း နိုင်ငံတိုင်းနိုင်ငံတိုင်း စံနှုန်းရှိပါကြောင်း၊ ယင်းစံနှုန်းတွင် လူသားချင်းစာနာထောက်ထားမှုစံနှုန်းသည် နိုင်ငံတကာတွင် ရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့နိုင်ငံထဲတွင် ဥပမာ-မြန်မာနိုင်ငံသားက ပြစ်မှုကျူးလွန်သည်ဆိုပါက ၎င်းတို့အနေဖြင့် ၎င်းတို့တရားဥပဒေနှင့် ဆောင်ရွက်ကြောင်း၊ စားစရာ၊ နေရာပေးခြင်း၊ ပြန်လည်မအပ်နှံခင်စစ်ဆေးခြင်းတို့သည် နိုင်ငံတိုင်းတွင် လုပ်ဆောင်သည့်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ ယင်းတို့လုပ်ဆောင်နေခြင်းလည်းရှိပါကြောင်း၊ မြန်မာနိုင်ငံကို ပြန်လည်ပြီး အပ်နှံနေခြင်းလည်းရှိပါကြောင်း ဖြေကြားသည်။

**သတင်းနဂါးသတင်းစုံဂျာနယ်မှ အမှုဆောင်အရာရှိချုပ် ဦးမင်းထက်ပိုင်**က မြန်မာနိုင်ငံထဲတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျယ်ပြန့်လာသည်နှင့် အမျှ နစ်နာသည့် မြန်မာနိုင်ငံမှပြည်သူများ၊

**စာမျက်နှာ ၉ သို့** ●

● စာမျက်နှာ ၈ မှအဆက်

အခြားနိုင်ငံမှ ပြည်သူပြည်သားများပါ ထိရောက်သည့် ဒုစရိုက်ကျူးလွန်မှုများ ခံစားနေရသည်ကို တွေ့ရပါကြောင်း၊ ဒုစရိုက်မှုများကိုချေမှုန်းပြီး အမြစ်ပြတ် နှိမ်နင်းနေသည့်ကာလဟု သိရသော်



လည်း မိမိတို့လိုလားမှုမရှိဘဲနှင့် အွန်လိုင်းလိမ်လည်သည့် ဖြစ်စဉ်အောက်ကို ရောက်ရှိသွားသည့် အခြားနိုင်ငံက ပြည်သူများ၊ မိမိတို့မြန်မာနိုင်ငံကပြည်သူများကိုလည်း အမြန်ဆုံးကယ်ဆယ်စောင့်ရှောက်သွားမည့်အခြေအနေ၊ ထောက်ပံ့သွားမည့်အခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်တွင် အနည်းငယ်ရှုပ်ထွေးသည့် အပိုင်းများရှိကြောင်း၊ ရှုပ်ထွေးသည့်အပိုင်းဆိုသည်မှာ ပြစ်မှုကျူးလွန်ခြင်းမဟုတ်ဘဲ ၎င်း၏ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်၊ ရုပ်သွင်ကို အသုံးချခံလိုက်ရခြင်းမျိုးရှိကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး နစ်နာမှုရှိသည့်လူများလည်း မြန်မာနိုင်ငံထဲတွင်ရှိပါကြောင်း၊ သို့သော် တချို့က ထိုသို့မဟုတ်ဘဲ အကျိုးတူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြောခဲ့သကဲ့သို့ တချို့က သားကောင်ဖြစ်ခဲ့သည်မှာ မှန်သော်လည်း တချို့က သားကောင်မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်းရှိသည်ကို မိမိတို့ဝန်ခံကြောင်း၊ နိုင်ငံခြားသားများလည်းရှိကြောင်း၊ မိမိတို့ဖမ်းမိသည်မှာ အရေအတွက်အနည်းငယ်သာဖြစ်ကြောင်း၊ ပြည်ထဲရေးဒုတိယဝန်ကြီးပြောသကဲ့သို့ ၎င်းတို့ကိုယ်တိုင်ဖမ်းဆီးပြီး ပြန်ပို့လိုက်သော်လည်း တချို့လူများက ဒုတိယအကြိမ် လိုလိုလားလား ပြန်ဝင်လာကြောင်း၊ ထိုလူမျိုးများကို မိမိတို့က ခွဲခြားသတ်မှတ်ရမည်ဖြစ်ကြောင်း၊ အပြစ်ရှိသည့်သူများကိုလည်း မိမိတို့က ပြင်းပြင်းထန်ထန်ချေမှုန်းမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ သဘောထားကို ပြောပြီးဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ သဘောထားသည် အွန်လိုင်းလိမ်လည်မှုဆိုသည်မှာ လူတစ်ဦးတည်းကိုလိမ်လည်ခြင်းမဟုတ်ဘဲ လူအများစုကိုလိမ်လည်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူအများစုပေါ်တွင်ကျူးလွန်သည့် ကြီးလေးသည့်ပြစ်မှုအဖြစ် မိမိတို့ခံယူထားကြောင်း၊ ထို့ကြောင့် အကာအကွယ်လိုအပ်သည့်လူများကိုလည်း မိမိတို့အကာအကွယ်ပေးသွားမည်ဖြစ်ပြီး ပြတ်ပြတ်သားသား အရေးယူရမည့်သူများကိုလည်း ပြတ်ပြတ်သားသားအရေးယူသွားမည်ဟု ပြောလိုပါကြောင်းဖြေကြားသည်။

**အမှန်တရား သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးဝင်းဇော်** က အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းကိုတွေ့ရ၍ကြိုဆိုပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ အမြန်ဆုံးရှင်းလင်းကွယ်ပျောက်သွားမည်ဟုလည်း ယုံကြည်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတစ်ခုဖြစ်သည့် အွန်လိုင်းပေါ်တွင် ထိုင်းထီဂဏန်းသုံးလုံးတူလျှင် ပေါက်မဲဟုဆိုသည့် ကားကံစမ်းမဲ၊ ဆိုင်ကယ်ကံစမ်းမဲ၊ မြေကွက်ကံစမ်းမဲ၊ အိမ်ကံစမ်းမဲများကို လိမ်လည်



ရောင်းချနေသူ အများအပြားတွေ့ရပါကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်နေသည့် အွန်လိုင်းကံစမ်းမဲများကို အရေးယူဖမ်းဆီးမှုရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းသည်။

**ရဲမှူးချုပ်ကျော်လင်း** က အွန်လိုင်းလောင်းကစားမှုများနှင့် ပတ်သက်ပြီး အွန်လိုင်းပေါ်တွင် နည်းမျိုးစုံ၊ ကစားနည်းမျိုးစုံနှင့်လုပ်ဆောင်နေသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ တရားမဝင် ထိုင်းထီများ၊ ကားများ၊ မြေများ၊ အိမ်စသည့် ကံစမ်းမဲများလိမ်လည်ရောင်းချသည့်သူများကို နည်းပညာပိုင်းအရဖော်ထုတ်ပြီးမှ လောင်းကစားဥပဒေနှင့်အရေးယူနေခြင်းများရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ အွန်လိုင်းလောင်းကစားမှု ၁၀၇ မှု ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း ရှင်းလင်းဖြေကြားသည်။

**NP News သတင်းဌာနမှ သတင်းထောက်ချုပ် ကိုသုတကျော်** က Online



Scam ကို နယ်စပ်တွင်တိုက်ဖျက်နေသည်ကိုသိရကြောင်း၊ ယင်းနောက်တွင် ၎င်းတို့ထဲက တချို့သည် ပြည်မဘက်ကိုစိမ့်ဝင်လာသည်ဟု သတင်းထွက်ခြင်းမျိုးများရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်သည့်အပိုင်းတွင် အဂတိရှိနေသည်ဟု သတင်းထွက်ခြင်းများရှိနေပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က အွန်လိုင်းလောင်းကစားသည် နည်းပညာပိုင်းဆိုင်ရာများ၊ လုပ်ဆောင်သည့်သူများဖြင့် ရှုပ်ထွေးမှုနှစ်ခုဖြစ်ကြောင်း၊ နံပါတ်တစ် နည်းပညာပိုင်းဆိုင်ရာ၊ နံပါတ်နှစ် လုပ်ဆောင်သည့်သူများဖြစ်ကြောင်း၊ နံပါတ်တစ် နည်းပညာပိုင်းဆိုင်ရာဆိုသည်မှာ အွန်လိုင်းလောင်းကစားမှုကို ဒီနေရာတွင်နှိမ်နင်းလိုက်သော်လည်း နည်းပညာပိုင်းဆိုင်ရာ တချို့သောအချက်အလက်များကို ဒီထဲတွင် ဖျက်ဆီးလိုက်နိုင်ခြင်းရှိသော်လည်း လေပေါ်တွင်ရှိနေသည့်အရာကို မိမိတို့မဖျက်ဆီးနိုင်ကြောင်း၊ ဥပမာ- အနီးဆုံးပြောရမည်ဆိုလျှင် Cloud နည်းပညာနှင့် အင်တာနက်အပေါ်တွင် တင်ထားသည့် အချက်အလက်များကို သတင်းထောက်ကြီးတို့လည်း မသိနိုင်သလို မိမိတို့လည်းမသိနိုင်ကြောင်း၊ အချက်အလက်နှိမ်နင်းရန် ခက်ခဲကြောင်း၊ နံပါတ်နှစ်မှာ အွန်လိုင်းလောင်းကစားမှုကို ကျူးလွန်နေသည့်သူများဖြစ်ကြောင်း၊ အွန်လိုင်းလောင်းကစားမှုကို ကျူးလွန်နေသည့်သူများက အများအားဖြင့် မည်သည့်လူကြီးလူကောင်းမှ မကျူးလွန်ကြောင်း၊ နိုင်ငံတကာတွင်ရှိနေသည့် ရာဇဝတ်မှုကျူးလွန်ပြီး ထွက်ပြေးနေသည့်ပြည်ပြေးများ သို့မဟုတ် ရာဇဝတ်သားများက အများအားဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏နောက်ကွယ်တွင် အရေခြုံများရှိနေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တချို့ကိစ္စများကိုခြေရာခံပြီး ကွင်းဆက်လိုက်ကာ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နယ်စပ်များတွင် နှိမ်နင်းလိုက်သည့်သူများက မြန်မာနိုင်ငံထဲကို ဝင်လာနိုင်ကြောင်း၊ ဤသည်ကိုလည်း မဖြစ်နိုင်ဟုပြော၍မရကြောင်း၊ မိမိတို့လည်းမငြင်းကြောင်း၊ ပြည်ပကို မည်မျှထွက်သွားသည်ကိုလည်း သတင်းထောက်ကြီးတို့ မြင်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲကိုလည်း ဝင်လာနိုင်ကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံထဲကိုဝင်လာသည့်အခါ မိမိတို့အနေဖြင့် ပြတ်ပြတ်သားသားနှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲကို ဝင်လာသည်ဆိုသည့်နေရာတွင် အဓိကလုပ်ဆောင်ရမည်မှာ၊ အဓိကအကူအညီတောင်းလိုခြင်းမှာ မိမိတို့ပြည်သူလူထုသာဖြစ်ကြောင်း၊ နံပါတ်တစ်အနေနှင့် ပြည်သူလူထုအနေဖြင့် မမြင်ချင်ယောင်မဆောင်ဘဲ၊ မကြားချင်ယောင်မဆောင်ဘဲ သက်ဆိုင်ရာကိုပြောသင့်ကြောင်း၊ မမြင်ချင်ယောင်၊ မကြားချင်ယောင်မဆောင်ဘူးဆိုလျှင် ပထမဦးဆုံးနှိမ်နင်းပြီးသားဖြစ်ကြောင်း၊ နံပါတ်နှစ်အချက်အနေဖြင့် ပုန်းကွယ်ရန် နေရာမပေးသင့်ကြောင်း၊ ၎င်းတို့ဘယ်နေရာတွင်ပုန်းမည်လဲ၊ မိမိတို့ပြည်သူလူထုထဲတွင်သာ ပုန်းမည်ဖြစ်ကြောင်း၊ ပုန်းစရာနေရာမရှိရလေအောင် မသင်္ကာဖွယ်ရာတွေ့ရှိပါက တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့် ပြည်သူလူထုက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သွားကြပါရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း ဖြေကြားသည်။

**Myanmar Transparency News Agency မှ အကြီးတန်းသတင်းထောက် ဦးဇေယျာငြိမ်း** က ပြီးခဲ့သည့်ရက်ပိုင်းတွင် တရုတ်နိုင်ငံက ဂိုဏ်းကြီးလေးဂိုဏ်းနှင့် သံသယရှိသူအယောက် ၁၀၀ ကိုလည်း



ဖမ်းဝရမ်းထုတ်ထားကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် MNDAA၊ TNLA တို့ကဲ့သို့ မြောက်ပိုင်းအဖွဲ့များကလည်း Online Scam ကျူးလွန်သည့်သူများကို အခကြေးငွေယူပြီး လက်ခံပေးထားခြင်းမျိုး၊ ကာကွယ်ပေးထားခြင်းမျိုးရှိနေကြောင်း၊ လက်ရှိမြဝတီမြို့နယ်တွင် တပ်မတော်က အမြစ်ပြတ်ချေမှုန်းနေမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းအခြေအနေမျိုးတွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်နေသည့် အဖွဲ့အစည်းများက Online Scam လုပ်သည့်သူများကို အခကြေးငွေယူပြီး အကာအကွယ်ပေးထားခြင်း၊ လွတ်မြောက်အောင် လုပ်ပေးနေခြင်းမျိုးရှိနေကြောင်း၊ ယင်းကိစ္စများကို တာဝန်ရှိသူများနှင့် တပ်မတော်အနေဖြင့် မည်သို့ကိုင်တွယ်ဖြေရှင်းသွားမည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က တချို့သတင်းများလည်း မိမိတို့ရရှိကြောင်း၊ တချို့ရရှိသည့်သတင်းများကိုလည်း အတည်မပြုနိုင်သေးကြောင်း၊ လောက်ကိုင်နယ်မြေအတွင်းတွင်ပင် ယခင်ကလို အလုံးအရင်းနှင့်မဟုတ်ဘဲ အွန်လိုင်းလိမ်လည်မှုအဖွဲ့ငယ်လေးများ လုပ်ဆောင်နေသည်ဆိုသည့် သတင်းမျိုးလည်း မိမိတို့ရရှိထားပြီး အတည်မပြုနိုင်သေးကြောင်း၊ ယင်းနေရာတွင် သတင်းရယူရေးအဖွဲ့အစည်းများ မရှိသေးသည့်အတွက်၊ သတင်းရယူရေးအဖွဲ့အစည်းများကလည်း တစ်ဆင့်ပြန်လည်ရရှိသည့် သတင်းများဖြစ်သည့်အတွက် အတည်မပြုနိုင်သေးသော်လည်း ယုံကြည်ရလောက်သည့် သတင်းအရင်းအမြစ်များထံမှ သတင်းများကိုရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မိမိတို့ပူးပေါင်းဆောင်ရွက်နေသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေမှုများလည်းရှိကြောင်း၊ ယင်းသတင်းကို ပိုမိုခိုင်မာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ပြီးလျှင် ၎င်း၏အောက်ဘက်တွင်ရှိနေသည့် EAO နယ်မြေများရှိကြောင်း၊ အတွင်းဘက်တွင်လည်း တချို့လက်နက်ကိုင်အဖွဲ့များ၏ နယ်မြေများရှိကြောင်း၊ ယင်းနယ်မြေများထဲတွင်လည်း တချို့လုပ်ငန်းလေးများလုပ်နေခြင်းရှိကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နှင့်ပတ်ဝန်းကျင်တွင် မိမိတို့ဖမ်းဆီးရမိခြင်းများရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသတင်းညှိနှိုင်းဖလှယ်ထားသည့် ရရှိခဲ့သည့်သတင်းကွင်းဆက်များအရ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံပူးပေါင်းပြီး ယင်းနယ်မြေများကို သတင်းအရင်းအမြစ်ဖော်ထုတ်ပြီး နှိမ်နင်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဆက်လက်၍ဦးဇေယျာငြိမ်း** က အကယ်၍များ ယင်းသတင်းအရင်းအမြစ် မှန်သည်ဆိုပါက၊ ၎င်းတို့ဖုံးကွယ်ပေးထားခြင်းများ၊ ကယ်တင်ပေးထားခြင်းများ မှန်သည်ဆိုပါက မည်ကဲ့သို့ ဆောင်ရွက်သွားနိုင်မည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က မိမိတို့အနေဖြင့် တချို့အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး စကားပြောနေခြင်းများရှိကြောင်း၊ ထိုသို့စကားပြောနေခြင်းသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း၊ ၎င်းတို့၏လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး ပထမအဆင့်သတိပေးသွားမည်ကြောင်း၊ နောက်မလိုက်နာဘူးဆိုလျှင် နိုင်ငံတော်အဆင့်အနေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အထူးဟစ်တိုင်သတင်းအေဂျင်စီမှ အကြီးတန်းသတင်းထောက် ဦးအောင်ကျော်ဦး** က နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုကိုနယ်စပ်ဒေသတွင်



အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာမိပါကြောင်း၊ သို့သော်လည်း နည်းစနစ်တစ်မျိုးဖြင့် Link ချပြီး ဖုန်းများထဲတွင် အွန်လိုင်းမှ ဝင်လာခြင်းများရှိကြောင်း၊ တစ်နေ့ကို သိန်းတစ်ရာခန့်တစ်ခဏအတွင်းကုန်သွားသည့် ကျွဲဂိမ်းကဲ့သို့တချို့ဂိမ်းများလည်း ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တချို့အနုပညာရှင်များဖြင့် ကြော်ငြာနေသည်ကိုပင် တွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်၍ မည်ကဲ့သို့စီမံထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ရဲမှူးချုပ်ကျော်လင်း** က သတင်းထောက်ကြီး မေးမြန်းသွားသည့်အတိုင်း နည်းပညာများတိုးတက်လာသည်နှင့်အမျှ နည်းပညာများကိုအသုံးပြုပြီး ကျူးလွန်သည့်ပြစ်မှုများသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် များပြားလာသည်ကိုတွေ့ရကြောင်း၊ ကျွဲဂိမ်းကဲ့သို့ Slot ဂိမ်းများ၊ အွန်လိုင်းလောင်းကစားနှင့် ပတ်သက်ပြီး စာမျက်နှာ ၁၀ သို့ ●

● စာမျက်နှာ ၉ မှအဆက်

ဆက်စပ်နေသည်ဟု မိမိတို့စိစစ်ဖော်ထုတ်တွေ့ရှိရသော Facebook အကောင့်များ၊ Telegram အကောင့်များအစရှိသဖြင့် လူမှုကွန်ရက်အကောင့်များကို စောင့်ကြည့်စုံစမ်းပြီးအရေးယူဆောင်ရွက်နေခြင်းများ ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အွန်လိုင်းဂိမ်းများနှင့် ဆက်စပ်သည်ဟု သံသယရှိသည့် Facebook အကောင့်၊ Telegram အကောင့်နှင့်တခြားလူမှုကွန်ရက်အကောင့် ၂၀၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ဖုန်းဆင်းကတ် ၂၃၀၀ ကျော်ကို ပိတ်သိမ်းနိုင်ခဲ့ကြောင်း၊ Link ချပေးသည့် ဖုန်းနံပါတ် ၄၅၆ ခုကိုလည်း ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဆက်တည်း အွန်လိုင်းလောင်းကစားများဖြင့် ဆက်စပ်နေပြီး ငွေသွင်းငွေထုတ်ပြုလုပ်သည့် Pay အကောင့်ပေါင်း ၁၉၀၀ ကျော်ကိုလည်း ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း၊ တချို့ကြော်ငြာများတွင် သရုပ်ဆောင်များ ဝင်ရောက်ကြော်ငြာနေခြင်းရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ်တွင် Miles Ceno Facebook Page တွင် ဝင်ကြော်ငြာသည့် သရုပ်ဆောင်တစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလောင်းကစားမှုများနှင့်ပတ်သက်လျှင် နည်းပညာပိုင်းအရစောင့်ကြည့်စုံစမ်းဖော်ထုတ်ပြီး အကောင့်များ၊ Pay အကောင့်များ၊ လူမှုကွန်ရက်အကောင့်များကို ပိတ်သိမ်းနိုင်ရန်ဆောင်ရွက်ကြောင်း၊ တယ်လီဖုန်းဆင်းကတ်များကိုလည်း ပိတ်သိမ်းနိုင်ရန်ဆောင်ရွက်နေကြောင်း၊ ထို့ပြင် Links များကိုလည်း အမြဲတမ်းစောင့်ကြည့်ဆောင်ရွက်နေကြောင်း၊ Links များနှင့်ဆက်စပ်နေသည့် ဖုန်းနံပါတ်များကိုလည်း ပိတ်သိမ်းဆောင်ရွက်နေသည်ဟုပြောကြားလိုကြောင်း ဖြေကြားသည်။

**Myanmar National Post News Agency မှ အယ်ဒီတာချုပ် နောင်တော်လေး**က အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ အဓိကဦးဆောင်လုပ်ကိုင်ခဲ့သည့် KNU အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် စောကွယ်ထူးဝင်းနှင့်အပေါင်းအပါများကို အမှုဖွင့်လုပ်ဆောင်ရွက်ထားမှု ရှိ/မရှိနှင့် အကယ်၍ မရှိသေးပါက အမှုဖွင့်လုပ်ဆောင်ရွက်ရန် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး**က ယခင်က KNU အဖွဲ့သည် မတရားအသင်းဖြစ်ကြောင်း၊ NCA တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက်တွင် KNU အဖွဲ့ကို မတရားအသင်းအဖြစ်မှပယ်ဖျက်ပေးခဲ့ကြောင်း၊ ပယ်ဖျက်ပေးခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်နောက်ပိုင်းတွင် KNU အဖွဲ့သည် အကြမ်းဖက်လုပ်ရပ်ကိုလုပ်ဆောင်လာတာရှိခဲ့ကြောင်း၊ မိမိတို့အစိုးရဌာနဆိုင်ရာအဆောက်အအုံများ



ကို ဖောက်ခွဲဖျက်ဆီးမှုများလည်းရှိခဲ့ကြောင်း၊ လမ်း၊ တံတားများကို ချိုးဖျက်မှုများရှိခဲ့ကြောင်း၊ အာရှHighwayလမ်းမကြီး ပြတ်တောက်မှုဖြစ်ပေါ်ကြောင်း၊ ထိုသို့ပြတ်တောက်သွားသည့် အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် KNU အဖွဲ့ကို လက်ပိုက်ကြည့်နေ၍ မရကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် KNU အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ရော၊ မတရားအသင်းအဖြစ်ရောထပ်ပြီး ကြေညာထားခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိနယ်စပ်ဒေသတွင် ဖြစ်နေသည့်အွန်လိုင်းလိမ်လည်မှု အွန်လိုင်းလောင်းကစားမှုများမှာ KNU အဖွဲ့သည် ဘယ်လိုအနေအထားနှင့် ပတ်သက်နေသည်ကို မိမိတို့ရှေ့တွင် ရှင်းပြခဲ့ပြီးဖြစ်သည့်အတွက်ကြောင့် သိပြီးဖြစ်မည်ဟု မိမိထင်ကြောင်း၊ လက်ရှိတွင် KNU အဖွဲ့ကို ဖဒိုစောကွယ်ထူးဝင်းနှင့်ဗဟိုကော်မတီဝင်များ၊ ၎င်းတို့၏လက်အောက်ခံအဖွဲ့ဝင်များကိုလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မတရားအသင်းအက်ဥပဒေနှင့် မိမိတို့အမှုဖွင့်ထားကြောင်း၊ ထို့ပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေနှင့်လည်း အမှုဖွင့်ထားကြောင်း၊ ဆက်လက်ပြီး ပြည်တွင်းဥပဒေနှင့်အညီ KNU အဖွဲ့ကို ဆက်လက်အရေးယူနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြောသွားသည်မှာ မိမိတို့၏ Internal Process ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ရပ်တည်နေသည့်အဖွဲ့အစည်းရှိကြောင်း၊ မိမိတို့က Aseanapol အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ အာဆီယံရဲအဖွဲ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မနှစ်က မြန်မာနိုင်ငံတွင် (၄၂)ကြိမ်မြောက် Aseanapol Conference ကို နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ် ထိုင်းနိုင်ငံတွင် (၄၃)ကြိမ်မြောက် Aseanapol Conference ကို ကျင်းပပြီးခဲ့ပြီဖြစ်ကြောင်း၊ မိမိဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့က နိုင်ငံတကာရဲအဖွဲ့ဖြစ်သည့် Interpol နှင့်လည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ Internal တွင် မိမိတို့ဆောင်ရွက်နေခြင်းအပြင် ယင်း၏ Criteria နှင့် ပြည့်စုံပြီဆိုလျှင် မိမိတို့သည် Aseanapol၊ Interpol ကိုလည်း ထပ်မံပြီး မိမိတို့ဆက်လက်ပြီး ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း International အဖွဲ့အစည်းများတွင် မိမိတို့က ၎င်းတို့၏ Constitution ကို လိုက်နာရကြောင်း၊ Interpol ၏ Constitution နှင့်အညီ မိမိတို့ဆက်လက်ပြီး ဆောင်ရွက်သွားရန်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**Union Politics News မှ အယ်ဒီတာချုပ် ဦးထူးမောင်မောင်**က မိမိမေးမြန်းလိုသည်



မှာ မြဝတီရှိ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ကရင်လက်နက်ကိုင်သူပုန် KNU ထိန်းချုပ်ထားသည့် KK Park ကိုလည်း ဝင်ရောက်ထိန်းချုပ်ပြီး လာရောက်သည့်သူများကိုလည်း နိုင်ငံတော်အဆင့်လွှဲပြောင်းခြင်းများပြုလုပ်ထားကြောင်း၊ ယင်းနေရာတွင် မင်းလက်ပံနှင့်ပတ်သက်ပြီး KKO အဖွဲ့ရှိနေသည့်အွန်လိုင်းလိမ်လည်မှုကို ကရင်လက်နက်ကိုင်သူပုန်က ဝင်ရောက်စီးနင်းပြီးနောက် နိုင်ငံတော်အစိုးရကို လွှဲပြောင်းခြင်းမရှိဘဲ ၎င်းတို့က တစ်ဖက်သတ်အနေနှင့်ဝင်ရောက်ဖမ်းဆီးပြီး ထိုင်းနိုင်ငံသို့လွှဲပြောင်းသည်ဆိုသည့် သတင်းကိုလည်းကြားသိရပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ယင်းသို့တရားဝင်လွှဲပြောင်းမှုများကို မြန်မာနိုင်ငံအစိုးရထံ ပြန်လည်သတင်းပို့ခြင်း ရှိ/မရှိနှင့် နှစ်နိုင်ငံအစိုးရပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး သိလိုပါကြောင်း မေးမြန်းသည်။

**ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး**က အွန်လိုင်းလိမ်လည်မှုဂိုဏ်းများသည် ကွင်းဆက်တစ်ခုလုံးပါဝင်ပတ်သက်နေသည့် Multi Jurisdictional ရာဇဝတ်မှုဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ပိုင်နက်အတွင်း ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် မိမိတို့တွင် တာဝန်ရှိကြောင်း၊ ထို့ပြင် မိမိတို့နေရာတွင် Online Scam လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် Original Country ရှိကြောင်း၊ ထို့နောက် မိမိတို့နိုင်ငံရောက်ရန်အတွက် Transist လုပ်လာပြီး Transist Country ရှိကြောင်း၊ မိမိတို့တွင် တာဝန်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံကို ရောက်ရန်အတွက် ဖြတ်သန်းလာသည့် နိုင်ငံတွင်လည်း တာဝန်ရှိကြောင်း၊ လူနှင့်ငွေကြေးစီးဆင်းမှုလမ်းကြောင်း ဖြတ်တောက်ပေးရန် Transist Country တွင်တာဝန်ရှိကြောင်း၊ ထို့ပြင် နယ်စပ်ဒေသထိန်းချုပ်ရေးအတွက် Border Control and Border Monitoring အစီအမံကိုလည်း မိမိတို့နှစ်နိုင်ငံ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏နယ်စပ်ဒေသ ထိန်းချုပ်မှုပြဿနာအဖြစ် သတ်မှတ်ခြင်းက ရာဇဝတ်ကွန်ရက်၏တစ်ကမ္ဘာလုံးဆိုင်ရာလည်ပတ်မှုကို လျစ်လျူရှုသည်ဟု မိမိတို့မြင်ကြောင်း၊ ထို့ကြောင့် မူရင်းနိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံသားများအတွက် ကြိုတင်တားဆီးကာကွယ်ရေးအစီအမံကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီရာဇဝတ်မှုကို ထိရောက်စွာတိုက်ဖျက်ရန်အတွက် ကွင်းဆက်တစ်ခုလုံးပါဝင်နေသည့်နိုင်ငံများက ယခုအချိန်တွင် ပူးပေါင်းပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအစကရှင်းပြခဲ့သည့်အတိုင်း ဒီနိုင်ငံသား ထွက်လာသည့်အတွက် ယင်း၏ Original Country ရှိကြောင်း၊ ထို့ပြင် ဖြတ်သန်းသည့် Transist Country ရှိကြောင်း၊ မိမိတို့မြန်မာနိုင်ငံက Desti-nation ဖြစ်သွားကြောင်း၊ လက်ရှိဟော့ဖြစ်နေခြင်းက မိမိတို့မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံဖြစ်ကြောင်း၊ ပါဝင်ပတ်သက်ကျူးလွန်နေသည့် လူအများစုကိုကြည့်လိုက်လျှင် တရုတ်နိုင်ငံသားများဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်၊ ထိုင်း၊ မြန်မာနိုင်ငံတို့ ပူးပေါင်းပြီးဆောင်ရွက်နေခြင်းရှိကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်ဒေသ တစ်လျှောက်လုံးတွင်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများကို တားဆီးရေးအတွက် မြန်မာ၊ တရုတ်၊ ထိုင်း Trilateral Cooperation ပူးပေါင်းဆောင်ရွက်နေခြင်းရှိကြောင်း၊ လက်ရှိတွင်လည်း တရုတ်နိုင်ငံက လက်ထောက်ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်နေကြောင်း၊ ယမန်နေ့ကဆိုလျှင် မိမိတို့နိုင်ငံမှကိုယ်စားလှယ်အဖွဲ့နှင့် ဘန်ကောက်သို့သွားကြောင်း၊ ယနေ့ဆိုလျှင် KK Park၊ ရွှေကုက္ကိုလ်အထိ သွားရောက်မည်ဖြစ်ကြောင်း၊ ပြီးလျှင်မိမိတို့၏ ပြည်ထဲရေးဒုတိယဝန်ကြီးကလည်း ယခုသတင်းစာရှင်းလင်းပွဲပြီးလျှင် နောက်ကနေလိုက်မည်ဖြစ်ကြောင်း၊ အွန်လိုင်းလောင်းကစားမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းအတွက် မိမိတို့သုံးနိုင်ငံက ပူးပေါင်းပြီးဆောင်ရွက်လျက်ရှိကြောင်း၊ သုံးနိုင်ငံအကြားတွင် အဆင့်မြင့်အရာရှိအစည်းအဝေးကိုလည်း သုံးကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးအဆင့်အစည်းအဝေးကိုလည်း နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ မင်းလက်ပံနယ်မြေတွင်ရှိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်သူများကို ထိုင်းနိုင်ငံဘက်သို့ KNU က တိုက်ရိုက်လွှဲပြောင်းမှုနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံတွင် အစည်းအဝေးပြုလုပ်ရန်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင်ပြုလုပ်မည့်အစည်းအဝေးတွင် မိမိတို့သုံးနိုင်ငံပွင့်ပွင့်လင်းလင်းရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မင်းလက်ပံတွင်ဖြစ်သည့်ကိစ္စက မိမိတို့ကအစိုးရဖြစ်ကြောင်း၊ အစိုးရဖြစ်သည့်အတွက်ကြောင့်အစိုးရကပဲကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ တိုက်ရိုက်လွှဲပြောင်းမှုနှင့်ပတ်သက်ပြီး ယင်းအစည်းအဝေးတွင် ရင်းနှီးပွင့်လင်းစွာညှိနှိုင်းဆောင်ရွက်ရန်ရှိကြောင်း၊ လက်ရှိတွင်လည်း မိမိတို့သုံးနိုင်ငံ ညှိနှိုင်းပူးပေါင်းပြီးဒေသအတွင်းတွင် Online Scam လုပ်ငန်းများပပျောက်ရန်အထိ ရည်မှန်းချက်ထားပြီး တက်ညီလက်ညီလက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊
တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၂-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၀ | ၂၆၀၅ | ၂၅၇၀ | ၂၅၀၅ | ၂၆၁၀ | ၂၆၂၅ | ၂၆၄၅ | ၂၅၆၀ | ၄၅၀၅ | ၂၈၅၅ | ၂၅၈၀ | ၂၇၉၀ | ၂၆၅၀ | ၂၆၁၅ | ၂၆၃၅ | ၂၈၉၅ |
| 95 Ron | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | ၄၅၆၀ | ၂၉၀၅ | ၂၆၃၀ | ၂၈၃၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၆၀ | ၂၃၂၅ | ၂၂၆၀ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၀ | ၂၃၁၅ | - | ၂၆၁၀ | ၂၃၃၅ | ၂၉၅၀ | ၂၄၀၅ | ၂၃၇၀ | ၂၃၉၀ | ၂၆၅၀ |
| HSD (50 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၃၅ | ၂၇၅၅ | ၄၈၃၀ | ၃၀၅၀ | ၂၇၇၅ | ၂၉၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၀ | ၃၀၉၀ |
| HSD (10 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၃၅ | ၂၇၅၅ | - | ၃၀၅၀ | ၂၇၇၅ | ၂၉၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၀ | ၃၀၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၁၅ |
| 95 Ron | ၂၃၀၄ | ၂၄၆၅ |
| HSD (500 ppm) | ၂၀၉၈ | ၂၁၇၀ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းသားရိုးရာအဖွဲ့(၁၅)ဖွဲ့နှင့်ဘာသာရေးအသင်းအဖွဲ့(၅)အဖွဲ့တို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အစိုးရအဖွဲ့ရုံးဝင်းအတွင်းခင်းကျင်းပြသထားသည့် MSME ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် Polytechnic University မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ ဆန္ဒမဲများပေးရာတွင် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ မိမိအဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုနိုင်သူတို့ကို ဆန္ဒမဲပေးနိုင်ရန်အရေးကြီး . . .**

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် စဉ်းစားတွေးခေါ်နိုင်မည့် ပညာတတ်များစွာ လိုအပ်သည့်အတွက် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ရန်လို . . .**

❍ **ကျောဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ အမျိုးသာကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးပုဂ္ဂိုလ် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်မြို့မိမြို့ဖများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးသီးနှံထွက်ကုန်များမှ နိုင်ငံခြားငွေရရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တောင်သူများနှင့် လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ချေးထားရှိမှု၊ ပြည်နယ်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်တာဝန်ကို ခေတ္တစတင်တာဝန်ယူချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းအချို့အပါအဝင် နိုင်ငံ့ဝန်ထမ်းအချို့လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်ခဲ့ကြကြောင်း၊ သို့သော်လည်း ယနေ့အထိ နိုင်ငံတော်ကပေးအပ်သည့်တာဝန်များကိုကျေပွန်စွာထမ်းဆောင်နေကြသည့် သစ္စာရှိဝန်ထမ်းကောင်းများလည်းရှိကြောင်း၊ ယခုတွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဝန်ထမ်းများသည် သစ္စာရှိသည့် ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲ ပထမပိုင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နှင့် တတိယအပိုင်းကို ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်အကြာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ လွှတ်တော်ကျင်းပပြီး အစိုးရသစ်ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏အာဏာကို အဆိုပါအစိုးရသစ်အား ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း။

ယခုကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသည် ၂၀၂၀ ပြည့်နှစ်က ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရန်နှင့် လွတ်လပ်ပြီး တရားမျှတသည့် မဲဖြစ်စေရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများ၌အီလက်ထရောနစ်နည်းပညာအသုံးပြုမဲပေးရာတွင် တိုက်ရိုက်မှတ်တမ်းတင်အီလက်ထရောနစ်မဲပေးစနစ် (Direct Recording Electronic System– DRE)၊ အီလက်ထရောနစ် မဲလက်မှတ်ထုတ်ပရင်တာ ( Electronic Ballot Printer– EBPs)၊ အလင်းဖြင့် မှတ်တမ်းတင်စနစ် ( Optical Mark Recognition – OMR) နှင့် အင်တာနက်မဲပေးစနစ်( Internet Voting System) စသည့် လေးမျိုးကို အသုံးအများဆုံးဖြစ်ကြောင်း၊ EVM ကို ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံက ပထမဆုံးစတင်တီထွင်အသုံးပြုခဲ့ပြီး ယနေ့ချိန်ထိ ယင်းလေးမျိုးကို နိုင်ငံပေါင်း(၃၄) နိုင်ငံက တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံရှိပြီး မိမိနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများထက်ပင် ပို၍ များပြားကြောင်း၊ ထိုသို့လူဦးရေ များပြားသည့် အိန္ဒိယတွင်ပင် အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၌ တိုက်ရိုက်မဲပေးမည့် မဲဆန္ဒရှင် အဆင့်အတန်းမရွေး လွယ်ကူရိုးရှင်းပြီး မသမာမှုလုံးဝပြုလုပ်၍ မရနိုင်သည့် တိုက်ရိုက်မှတ်တမ်းတင် အီလက်ထရောနစ်မဲပေးစနစ်( Direct Recording Electronic System– DRE) စနစ်ကို ရွေးချယ်ကာ ပြည်တွင်းမှ

**စာမျက်နှာ ၁၂ သို့** ❍



မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေသုမာလာထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)တွင် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ အတွင်းရေးမှူးနှင့် ကက်သလစ်အသင်းတော်တို့မှ သိက္ခာတော်ရ ဆရာတော်များနှင့်တွေ့ဆုံစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံ၌ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးအား ဆေးဝါးကုသပေးလျက်ရှိသည့်အခြေအနေများအားမေးမြန်း၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်စဉ်။

○ **စာမျက်နှာ ၁၁ မှအဆက်**

ကျွမ်းကျင်ပညာရှင်များဖြင့် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစနစ် (Direct Recording Electronic System– DRE) စနစ်ကို အိန္ဒိယ၊ ဘူတန်၊ အီရန်၊ ရှမေးနီးယား၊ ဘရာဇီး၊ ပီရူး၊ ဗင်နီဇွဲလား၊ နမ်ဘီးယား၊ ဘူဂေးရီးယားနှင့် အယ်ဘေးရီးယား စသည့်နိုင်ငံများတွင် အသုံးပြုကြကြောင်း၊ မိမိတို့နိုင်ငံတွင်အသုံးပြုမည့် MEVM စက်ကိုလည်း အမျိုးသားအဆင့်အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးဆိုင်ရာကော်မတီ (National Certification Committee– NCC) က စိစစ်ထုတ်ပေးသော အရည်အသွေးကိုက်ညီမှုထောက်ခံချက်လက်မှတ် (Certification of Conformity – CoC) နှင့် အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့( National Certification Body– NCB) က ထုတ်ပေးသည့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) ရရှိပြီးဖြစ်ကြောင်း၊ ယင်းသည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မိမိတို့အစိုးရ၏အဓိကဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း။

လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် **ဆန္ဒမဲပေးပြည်သူများ ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားကြောင်း၊ အဓိကအရေးကြီးသည်မှာနယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ဆန္ဒမဲများပေးရာတွင် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ မိမိအဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုနိုင်သူတို့ကို ဆန္ဒမဲပေးနိုင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် Agro Based Industries ကို မူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ကုန်တိုးမြှင့်ရေးအတွက် စာရင်းဇယားမှန်ကန်ရေး၊ သစ္စာရှိဝန်ထမ်းများလိုအပ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အောင်မြင်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်သွားကြရန်လိုကြောင်း၊ MSME လုပ်ငန်းမှ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မိမိဒေသ၌ရောင်းချနိုင်ရေးအတွက် ဦးမတည်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်ပပို့ကုန်အမယ်သစ်များဖြင့် ထုတ်လုပ်တင်ပို့နိုင်ရေးကို အဓိကဦးတည်ချက်ထားပြီး မူဘောင်အတွင်းမှ စီမံဆောင်ရွက်ရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှကုန်ချောအထိ ထုတ်လုပ်နိုင်ရန် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ပင်ဖြစ်**ကြောင်း၊ **ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြ**ကြောင်း၊ **ထိုသို့ ထုတ်လုပ်ရာ၌ မိမိတို့နိုင်ငံတွင် ၁ ယူနစ် ထုတ်လုပ်မှုတန်ဖိုးသည် ရေအားလျှပ်စစ်မှ ပျမ်းမျှ ၈၂ ကျပ်၊ နေရောင်ခြည်စွမ်းအင်မှ ၁ ယူနစ် ၁၇၁ ကျပ်၊ သဘာဝဓာတ်ငွေ့မှ ၁ ယူနစ် ၂၃၅ ကျပ်၊ ကျောက်မီးသွေးမှ ၁ ယူနစ် ၂၁၅ ကျပ် ကုန်ကျသည်ကိုတွေ့ရှိရ**ကြောင်း၊ **ရေအားလျှပ်စစ်သည် အသက်သာဆုံးဖြစ်၍ ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်၏ အရင်းအမြစ်များက သဘာဝတရားကြီးမားစွာ ဖန်တီးပေးထားသည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို**ကြောင်း။

နိုင်ငံ၌စီးပွားရေးတွင်ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ဘဏ္ဍာရေးဆိုင်ရာများ၊ ငွေကြေးကဏ္ဍနှင့် ကုန်သွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မူဝါဒများချမှတ်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် စဉ်းစားတွေးခေါ်နိုင်မည့် ပညာတတ်များစွာ လိုအပ်သည့်အတွက် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍကိုအားပေးမြှင့်တင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိပြီး အသက် ၁၅ နှစ်နှင့် ၆၄ နှစ်ကြား လူဦးရေအချိုးမှာ ပြည်ထောင်စုအဆင့် ၆၆ ဒသမ ၉ ရာခိုင်နှုန်း၊ မြို့ပြအဆင့် ၇၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက်အဆင့် ၆၀ ဒသမ ၁ ရာခိုင်နှုန်း တွေ့ရှိရာ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြားသည် တဖြည်းဖြည်းများပြားလာကြောင်း၊ ၁၉၇၃ ခုနှစ်တွင် ၅၄ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိလာခြင်းသည် ကျေးလက်မှမြို့ပြသို့ လူငယ်အလုပ်သမားများပြောင်းရွှေ့ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါ်များလာမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပါကြောင်း။

**အလုပ်လုပ်နိုင်သည့် ၆၆ ဒသမ ၉ ရာခိုင်နှုန်းသည် လူငယ်လူရွယ်လူလတ်ပိုင်းတို့၌ ပညာတတ်အသိုင်းအဝိုင်းများ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များပိုမိုများပြားလာစေရန်နှင့်ထပ်မံတိုးမြှင့်လာမည့် ၁၅ နှစ်အောက်ကလေးငယ်များကိုလည်း ပညာတတ်လူငယ်လူလတ်များဖြစ်ပေါ်လာစေရေး ပညာရေးကဏ္ဍပိုင်းကို လက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန်လိုအပ်သည်ကို တွေ့ရှိရ**ကြောင်း၊ ၁၅ နှစ်အောက်ကလေးပိုင်းနှင့် ၁၅ နှစ်နှင့် ၆၄ နှစ်ကြား လူလတ်ပိုင်းတို့တွင် လူ့စွမ်းအားအရင်းအမြစ်များရာနှုန်းပြည့်ရှိလာပါက ပိုမို၍ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပိုင်းတွင် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံရေးပိုင်းနှင့်ဆက်စပ်သည့် နိုင်ငံတကာသံတမန်ဆက်ဆံရေး ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) အပိုင်းသည်လည်းပိုမိုရရှိလာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းနေရာများ၌လည်း မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်များ အသုံးချလာနိုင်မည်ဖြစ်ကြောင်း၊ တစ်ပိုင်းကလည်း နည်းပညာလွှဲပြောင်းရယူခြင်းမှတစ်ဆင့် ကိုယ်ပိုင်တီထွင်မှုများ၊ စွန့်ဦးတီထွင်မှုများဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းမှုများရှိပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးသည် တားဆီး၍ မရနိုင်အောင်ဖြစ်လာနိုင်မည်မှာ မလွဲကေန်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူချိန်မှစ၍ ပညာရေးကဏ္ဍကို တစိုက်မတ်မတ် တွန်းအားပေး ပံ့ပိုးပေးမှုဆောင်ရွက်ခြင်း၊ တစ်ပိုင်းကလည်း တက္ကသိုလ်၊ ကောလိပ်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များကို အဆင့်မြှင့်တင်ခြင်း၊ အခြေခံပညာကျောင်းများကိုလည်းပညာရေးဝန်ကြီးဌာန၏ တင်ပြဘတ်ဂျက်အပြင် ပိုလျှံရန်ပုံငွေမှပင် ပညာရေးကျောင်းများအတွက် ခွဲဝေပေးခြင်း၊ ဆရာ၊ ဆရာမများ၏

**စာမျက်နှာ ၁၃ သို့** ○

❍ **စာမျက်နှာ ၁၂ မှအဆက်**

သက်သာချောင်ချိမှုကိုလည်း လစာတိုးခြင်း နည်းလမ်းမှလွဲ၍ ဥပဒေနှင့်အညီထောက်ပံ့ခြင်းများ အတတ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုအဆင့် လူဦးရေ ၂၂ သန်းကျော်၌ စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး ၁၅ နှစ်အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးလျှင် ၉ ဦးသည် စာရေးနိုင်ဖတ်နိုင်ကြောင်းကို တွေ့ရှိရကြောင်း။

သို့ရာတွင် ကျောင်းတက်ရောက်မှုအပိုင်း၌ လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ ၃ နှစ်နှင့် ၂၅ နှစ်အကြား ၁၀ ဒသမ ၅ သန်းအနက် ၅၆ ဒသမ ၁ ရာခိုင်နှုန်းသည် လက်ရှိကျောင်းအသီးသီးတွင် တက်ရောက်ကြပြီး ၃၄ ဒသမ ၁ ရာခိုင်နှုန်းသည် ယခင်ကျောင်းတက်ဖူးသူများဖြစ်ကာ ကျောင်းလုံးဝမတက်ဖူးသူ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်းကို တွေ့ရှိရကြောင်း၊ အသက် ၅ နှစ်မှ ၉ နှစ်ကြား ၁၀ ဦးလျှင် ၉ ဦး ကျောင်းတက်ပြီး ၁၀ နှစ်မှ ၁၄ နှစ်အကြား ၈၄ ဒသမ ၂ ရာခိုင်နှုန်း ရှိသော်လည်း ၁၅ နှစ်နှင့် ၁၉ နှစ်အကြား ၄၃ ဒသမ ၃ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀ နှစ်နှင့် ၂၄ နှစ်အကြား ၁၅ ရာခိုင်နှုန်းအထိ သိသာစွာ ကျောင်းတက်ရောက်မှုနည်းသွားသည်ကို တွေ့ရှိရကြောင်း၊ ၂၅ နှစ်နောက်ပိုင်း ကျောင်းတက်ရောက်မှု လုံးဝမရှိသလောက်ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ အားလုံးကို ခြုံကြည့်ပါက အရွယ်ရောက်ပြီးသူ၏ ၄၆ ရာခိုင်နှုန်းသည် KG သို့မဟုတ် မူလတန်းအဆင့်သာ ပြီးမြောက်ခြင်း၊ အလယ်တန်းအဆင့်၌ ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိခြင်း၊ အထက်တန်းအဆင့်၌ ၁၄ ရာခိုင်နှုန်းသာရှိခြင်းနှင့် တက္ကသိုလ်ကောလိပ်အဆင့်၌ တက်ရောက်ပြီးသူ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိခြင်းသည် တန်းစဉ်ကူးပြောင်းမှုများစွာ ဆောင်ရွက်ရမည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း။

စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးမှုကို နိုင်ငံတော်အကြီးအကဲက စီမံပေးခဲ့ရာ ယနေ့ခရိုင်ပေါင်း (၈၈) ခရိုင်တွင် ကျောင်းပေါင်း (၈၉) ကျောင်း ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို စီမံပေးထားကြောင်း၊ မိမိတို့ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကလေး/ လူငယ်အားလုံးနှင့် မိဘများအားလုံးသိရှိပြီးအတတ်နိုင်ဆုံးတန်းစဉ်ကူးပြောင်းမှုတိုးပွားလာစေရေး ရာနှုန်းပြည့်တန်းစဉ်ကူးပြောင်းနိုင်ရေး မျှော်မှန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျောင်းမတက်ရသည့် အကြောင်းရင်းကို ပြန်ကြည့်ပါက မိဘများ၏ အခက်အခဲ၊ ကျောင်းစရိတ်အခက်အခဲ၊ ပညာသင်ကြားရန် စိတ်ဝင်စားမှုအားနည်းခြင်းနှင့် မသန်စွမ်းခြင်းကြောင့်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းကြရန် အစိုးရ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူ၊ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများဖြစ်သည့် ဦးအားဖူကခတ်မြေဩဇာ လုံလောက်စွာရရှိရေး၊ ရေကြီးရေလျှံမှုမရှိစေရေးအတွက် ရေလမ်းကြောင်းပြုပြင်ပေးလိုမှု၊ စိုက်ပျိုးမွေးမြူရေးနှင့်ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး ဦးလမိုင်ဂွမ်ဂျာက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အာမခံချက်များကို ရှင်းလင်းပေးပါရန် ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများကိုယ်စား၊ ဘာသာရေးအသင်းအဖွဲ့များကိုယ်စား ထပ်မံတောင်းဆိုသည့်အတွက် ဒုတိယဝန်ကြီး ဦးအေးကျော်က စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရန် တရုတ်နိုင်ငံမှ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆွေးနွေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အဆိုပါရှင်းလင်းဆွေးနွေးခဲ့မှုများအပေါ် အသေးစိတ်ဖြည့်စွက်ဆွေးနွေးရာတွင် မြစ်ဆုံစီမံကိန်းကို မိမိတိုင်းမှူးလက်ထက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး နောက်ဆုံးအဆင့် တမံတည်ဆောက်ရေးစီမံကိန်းစတင်ချိန်နီးမှသာ နိုင်ငံရေးအကျပ်အတည်းနှင့်မမျှော်မှန်းနိုင်သောအကြောင်းတရားများကြောင့်စီမံကိန်းရပ်ဆိုင်းခဲ့ကြောင်း၊ အဆိုပါစီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အကျေအလည်ဆွေးနွေးရသည့်အချက်မှာ ငလျင်ကြောပေါ်တွင်ရှိနေသည့်အတွက် တမံပြိုကျပါကဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် မေးခွန်းများအပေါ် တမံတည်ဆောက်မှုဒီဇိုင်း၌ ငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းဖြင့်တည်ဆောက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနေရာသည် စစ်ကိုင်းပြတ်ရွှေ့ကြောမှ ၂၅ ဒသမ ၄ ကီလိုမီတာအကွာတွင်ရှိသည့်အတွက် မူလဒီဇိုင်းအရ Maximum Credible Earthquake MCE မဂ္ဂနီကျူ ၇ ဒသမ ၁ ခံနိုင်ရည်ရှိစေရန်အတွက် တွက်ချက်ထားသည့်တမံဖြစ်ကြောင်း။

အဆိုပါစီမံကိန်းတွင် မူလက မေခ၊ မလိခမြစ်တစ်လျှောက် စီမံကိန်း ၆ ခုအနက် မြစ်ဆုံ ၆၀၀၀ MW အပါအဝင် စုစုပေါင်း ၁၉၀၉၉ MW စီမံကိန်းရေးဆွဲပြီး ချီဖွေငယ်စ၍ မြစ်ဆုံကိုစတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြစ်ဆုံအမှတ်လက္ခဏာ မပျောက်ပျက်စေရေး တမံအမြင့်နှင့်ထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနှင့် အဆိုပြုနည်းလမ်း ၆ မျိုးဖြင့် အကြိမ်ကြိမ်ဆွေးနွေးပြီး မေခနှင့်မလိခမြစ်ဆုံမှ ရေစီးကြောင်းမပျောက်ပျက်စေဘဲ နှစ်နိုင်ငံဖြစ်နိုင်ခြေရှိပြီး စီးပွားရေးအရတွက်ခြေကိုက်နိုင်မည့်အဆိုပြုပုံစံသုံးရပ်ကို ဆန်ခါတင်စိစစ်ခဲ့ပြီး တမံအမျိုးအစား Concrete Face Rock Fill Dam(CFRD) ကွန်ကရစ်မျက်နှာကျောက်ဖြည့်တမံ အမျိုးအစားဖြစ်၍ တပ်ဆင်စက်အင်အား ၅၆၀၀ မဂ္ဂါဝပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာနေရာရှိဖောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျူခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျူ ခံနိုင်ရည်ရှိကြောင်း၊ အဆိုပါဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာချွတ်ယွင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း။

ယခုမြစ်ဆုံတမံတည်ဆောက်မည့်နေရာတွင် ယခင်ဒီဇိုင်း ၇ ဒသမ ၁ မဂ္ဂနီကျူဖြင့်တွက်ချက်ထားသော်လည်း ယခုအခါ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို Asia Charter Professional Engineer (ACPE)အဖွဲ့မှ ပညာရှင်များဖြင့် အကြံပြုတွက်ချက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေအောက်ကြမ်းပြင်ထိန်းညှိပေးမည့်လုပ်ငန်းများပါ ထည့်သွင်းထားပြီး နှစ်စဉ်မြစ်ကြီးနားမြို့ရေဝင်ရေကြီးနစ်မြုပ်မှုမှလည်း ကင်းရှင်းစေမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်တစ်လျှောက် မြစ်ဝကျွန်းပေါ် ပင်လယ်အဝအထိ နှစ်စဉ်နွေမိုးဆောင်း ရေပြင်အမြင့် ၁၀ မီတာ အမြဲရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှ မြစ်ကြီးနားထိ မြစ်တွင်းသွားသင်္ဘောကြီး/ သင်္ဘောငယ်များ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနည်အနှစ်များကိုလည်း ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက်သဘာဝကပေးသည့် အဆီအနှစ်ပြည့်ဝသည့်မြေဩဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်းအောင်မြင်ပါက နိုင်ငံတော်နှင့် ကချင်ပြည်နယ်ကို အကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိရေးနှင့် ရေလမ်းကြောင်း ရာသီမရွေးအသုံးချနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့်ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ကျေနပ်ဝမ်းသာအားရသဘောကျလက်ခံကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ (၁၅)ဖွဲ့နှင့် ဘာသာရေးအသင်းအဖွဲ့ (၅) ဖွဲ့တို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ အဖွဲ့များကိုယ်စား တာဝန်ရှိသူများကလက်ခံရယူကြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း ခင်းကျင်းပြသထားသည့် MSME ဒေသထွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပြခန်း၊ အသုံးအဆောင်နှင့်စားသောက်ကုန်ပြခန်း၊ ရိုးရာအဝတ်အထည်ထုတ်ကုန်ပြခန်းနှင့် ပယင်း၊ ကျောက်မျက်ရတနာနှင့် ဝါးလက်မှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် Polytechnic University မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယနေ့လူငယ်နောင်ဝယ်လူကြီးဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိပြီး ပြည်ထောင်စုအဆင့် လူဦးရေ ၂၂ သန်းကျော်၌ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အသက်အပိုင်းအခြားဖြင့် ကြည့်မည်ဆိုပါက ၁၅ နှစ်နှင့် ၆၄ နှစ်ကြား လူဦးရေအချိုးမှာ ပြည်ထောင်စုအဆင့် ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး လူဦးရေ၏တစ်ဝက်ကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ လူဦးရေ ၅၁ သန်းတွင် ကျောင်းနေအရွယ်များကို ကြည့်မည်ဆိုပါက ကလေးငယ် ၁၀ ဦးလျှင် ၉ ဦးသည် ကျောင်းတက်လျက်ရှိပြီး ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၀ နှစ်မှ ၁၄ နှစ်တွင် ၉၄ ဒသမ ၈ ရာခိုင်နှုန်းတွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၅ နှစ်မှ ၁၉ နှစ် အခြေခံပညာအဆင့်တွင် ၄၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ် တက္ကသိုလ်အဆင့်တွင် ၁၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပြီး အသက် ၂၅ နှစ်အထက်တွင် မရှိသလောက်နည်းပါးကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် များစွာအားနည်းမှုရှိနေသည်ကို တွေ့ရှိရကြောင်း။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သုံးသပ်ချက်များအရ မိဘများ၏ အခက်အခဲ၊ ကျောင်းစရိတ်အခက်အခဲ၊ ပညာသင်ကြားရန် စိတ်ဝင်စားမှုအားနည်းခြင်း၊ မသန်စွမ်းသူများ စသည်ဖြင့်သုံးသပ်တွေ့ရှိရကြောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းကြရန် အစိုးရ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူ၊ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးကဏ္ဍကို တစိုက်မတ်မတ် တွန်းအားပေးပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း အားနည်းချက်များ ရှိနေသေးသည့်အတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် ဘွဲ့ရပြီး သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ ဝင်ရောက်ကြမည့်သူများဖြစ်သည့်အတွက် တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍမှ ထမ်းဆောင်ရင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာအချက်အလက်များနှင့် တက္ကသိုလ်၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ၌ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများအားလိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုနှင့် ဆေးဝါးကုသပေးလျက်ရှိသည့်အခြေအနေများအား မေးမြန်း၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့သွားရောက်ပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသုမာလာအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)သို့သွားရောက်၍ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့အတွင်းရေးမှူးနှင့် ကက်သလစ်အသင်းတော်တို့မှ သိက္ခာတော်ရဆရာတော်များနှင့် တွေ့ဆုံ၍ ခရစ္စမတ်လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ကြပြီး ခရစ္စမတ်ဆုတောင်းစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၁၆

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၅/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလရက်ပေါင်း ၆၀ ကို ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရွေးကောက်ပွဲအပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များအတွက် ဒီဇင်ဘာလ ၂၆ ရက် ည ၁၂ နာရီအချိန်မှစ၍ လည်းကောင်း၊ ရွေးကောက်ပွဲအပိုင်း(၂) တွင် ပါဝင်သည့် မြို့နယ်များအတွက် ဒီဇင်ဘာလ ၂၉ ရက်တွင် ပြန်လည်စတင်ဆောင်ရွက်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက် ည ၁၂ နာရီအချိန်မှစ၍လည်းကောင်း ရွေးကောက်ပွဲကျင်းပပြီးသည့်အချိန်ထိ ရပ်နားထားရမည်ဖြစ်ကြောင်း၊ အပိုင်း(၃) အတွက် ဆက်လက်ကြေညာမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို အပိုင်းလိုက် မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ/မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ကြော်ငြာ၊ပိုစတာများအား ဖြုတ်သိမ်းသွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများမှ တိကျစွာ လိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်တစ်ရပ်ဖြစ်သည့် "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဆိုသည်နှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်း အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီး၌ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးအား ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့်ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုခံထားရသူ ၅၅၈၀ ဦးတို့အား ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းလိုက် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် လုံခြုံရေးစီမံချက်၊ ဆက်စပ်ဆောင်ရွက်ရမည့် အခြားလုံခြုံရေးစီမံချက် ၈ မျိုးနှင့် အခြားအခြေအနေများအတွက် ရေးဆွဲထားသည့် သီးခြားစီမံချက် ၁၁ မျိုး တို့ကိုရေးဆွဲထားပြီးဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် လာရောက်လေ့လာကြမည့် ပြည်တွင်းပြည်ပ လေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့်ပတ်သက်၍လည်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သေချာစွာ စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၅ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၁၄၀ မှုတွင် တရားခံအမျိုးသား ၂၀၁ ဦး၊ အမျိုးသမီး ၂၈ ဦး၊ စုစုပေါင်း ၂၂၉ ဦး ရှိခဲ့ပြီး ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူသွားရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် လျာထားအစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တို့က ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဒီဇင်ဘာ ၁၆

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ယောက်၏ မွေးရာပါအခွင့်အရေးတစ်ရပ်ဖြစ်၍ လုံခြုံအေးချမ်း လွတ်လပ်စွာမဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ MEVM မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ သရုပ်ပြသခြင်းများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိက မြို့နယ်အလိုက် MEVM မဲပေးစက်များ ဖြန့်ခွဲပေးပို့ထားရှိမှု၊ နည်းပညာအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် မဲဆန္ဒရှင် အမျိုးအစားအလိုက် ကြိုတင်မဲပေးနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် မဲရုံများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေး ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလွန်းချိုက လုံခြုံရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ဥသာတိုင်းသား

# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့်ဂုဏ်ပြုမိန့်ခွန်း VideoMessage ကိုဖွင့်လှစ်ပြသစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအသင်း/အဖွဲ့များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဦးမိတ်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ထပ်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၎င်းနောက်အခမ်းအနားကို ဆက်လက်ကျင်းပရာ (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "သမိုင်းသတင်းမွှေးသည့် တိုင်းရင်းဆေး" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့်ဂုဏ်ပြုမိန့်ခွန်း VideoMessage ကိုဖွင့်လှစ်ပြသသည်။ **(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့်ဂုဏ်ပြုမိန့်ခွန်း Video Message ကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား၍ အားပေးချီးမြှောက်မြှင့်တင်ပေးလျက်ရှိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို အရည်အချင်းပြည့်ဝသူများဖြစ်အောင် အခြေခံကအစ ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့် တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေကြောင်း၊ ယခုညီလာခံတွင် တိုင်းရင်းဆေးသမားတော်ကြီးများအနေဖြင့် မျိုးဆက်သစ်လူငယ်များအတွက်ပညာရပ်ဆိုင်ရာများ၊ အတွေ့အကြုံဗဟုသုတများ နှီးနှောဖလှယ်ပေးနိုင်ခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည့်အတွက် မျိုးဆက်သစ်များကလည်း အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ **"ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ"** စသည့်လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကလည်း အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်လျက်ရှိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာကိုပြည်တွင်း၌သာမက အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍများနှင့် ရင်ပေါင်တန်းနိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်အောင်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အန္တရာယ်ကင်းပြီးဘေးထွက်ဆိုးကျိုးမရှိဘဲ အရည်အသွေးပြည့်ဝကာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးပိုမိုပြည့်ဝသည့် တိုင်းရင်းဆေးဆရာလူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ မပျောက်ပျက်အောင်နှင့် ဆေးဝါးများကို သုတေသနပြုလုပ်ပြီး ပြည်သူလူထုယုံကြည်စိတ်ချစွာ သုံးစွဲနိုင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရကလည်း အလေးထားပံ့ပိုးအားပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဆိုင်ရာ စံချိန်၊ စံညွှန်းများ ပိုမိုတိုးတက် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ခေတ်မီ စက်ကိရိယာနှင့် နည်းစနစ်များ၊ လိုအပ်သည့်လူအင်အား၊ ဖွံ့ဖြိုးမှုလိုအပ်သည့်ကဏ္ဍများ၊ တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးခြင်းများကို နိုင်ငံတော်ကပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုးတက်လျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူ့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို စေတနာဖြင့်ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ မြန်မာတို့၏ ကိုယ်ပိုင်တိုင်းရင်းဆေးအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရေးသည် မိမိတို့မျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများမှတ်တမ်း Video Clip နှင့် "ပြည်ထောင်စုရဲ့အင်အား" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီး H.E. Haji Mohamad Sarif Pudin bin Matserudin က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီး H.E. Haji Mohamad Sarif Pudin bin Matserudin တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီး H.E. Haji Mohamad Sarif Pudin bin Matserudin က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့ခေါင်းဆောင်များချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ ပညာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့်လေကြောင်းပို့သန်းမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အာဆီယံပဋိညာဉ်အတိုင်း လိုက်ပါဆောင်ရွက်လျက်ရှိမှုနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်မှုမရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူးဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

---

❑ **ကျောဖုံးမှအဆက်**

ဒီဇင်ဘာရုံးပိတ်ရက် ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို ပုံမှန်ရထားများအပြင် DEMU အဆန်/အစုန် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၉.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ၂၁.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |



အထက်ပါ တိုးချဲ့ပြေးဆွဲပေးမည့်ရထားများမှာလည်း ခေတ်မီလေအေးပေးစက်ပါ DEMU (စပိန်) တွဲဆိုင်းသစ်များဖြစ်ပြီး ရထားလက်မှတ်ခန္နန်းထားနှင့် ရပ်တန့်မည့်ဘူတာများတွင် နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် DEMU ရထားများအတိုင်းဖြစ်ကြောင်းနှင့်လက်မှတ်များကိုမိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ၅ ရက်ကြိုတင်၍ တယ်လီဖုန်းဖြင့် ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှ ငွေပေးချေ၍လည်းကောင်း၊ သက်ဆိုင်ရာဘူတာများတွင် အထက်တန်းလက်မှတ်အား ၃ ရက်နှင့် ရိုးရိုးတန်းလက်မှတ်ကို ၁ ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်သည်။

နောင်လာမည့် ရုံးပိတ်ရက်ရှည်များတွင်လည်း အထူးရထားများတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားပြည်သူများကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

---

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်နှစ်ဆုရရှိခဲ့သည့် ဝူရှူးအားကစားအဖွဲ့နှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝူရှူးအားကစားနည်းမှ ထောက်လုအားကစားပြိုင်ပွဲ အမျိုးသားသွေ့လျန့် (လက်နက်မဲ့) အတွဲအတိုက်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုရ တင်ထူးဝေ+ ရဲရင့်ထွန်းအတွဲ၊ အမျိုးသမီးဆန်းဆို(၅၆ကီလို) ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုရ ချယ်ရီသန်း၊ အမျိုးသမီးဆန်းဆို(၆၀ကီလို) ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုရ နှင်းနုဝါ၊ အမျိုးသမီးသွေ့လျန့် (လက်နက်)ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရ သုပန်ထွာ+ ခိုင်စန္ဒာစိုးအတွဲ၊ အမျိုးသားဆန်းဆို(၇၀ ကီလို) ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရ မျိုးမင်းထက်နှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်းသိရသည်။ မြဝတီ

# မြန်မာနိုင်ငံ၌ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ပါကစ္စတန်နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

★ ရှေ့ဖုံးမှအဆက်

ပါကစ္စတန်နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များစေလွှတ်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ချီးမြှင့်

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာ၌ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ အမှတ်(၄)ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ ထို့အတူတပ်ဖွဲ့ဝင်များ၏ နိုင်ငံအပေါ်ထားရှိသည့် စေတနာနှင့်စိတ်ဓာတ်ကို အသိအမှတ်ပြုပါကြောင်း၊ ဆက်လက်၍လည်း ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဖြူစင်သောစေတနာနှင့်စိတ်ဓာတ်ကိုအရင်းခံ၍ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ယခင်ကထက်ပိုမိုအားထုတ်ကြိုးပမ်းကာ တာဝန်များကိုထမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမှုဆောင်ချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ပူဇော်ခံထားရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိဆင်းတုတော်နှစ်ဆူအား အများပြည်သူအေးချမ်းစွာဖူးမြော်နိုင်ရန်၊ ပင်လယ်ဆားငန်ရေဒဏ်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရန်အတွက် အလျား ၂၇ ပေ ၁၁ လက်မ၊ အနံ ၂၁ ပေ ၉ လက်မနှင့် အမြင့် ၁၅ ပေဖြင့် Steel Structure မှန်ကျောင်းဆောင်နှစ်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိဆင်းတုတော်နှစ်ဆူအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးရင်ပြင်တော်တွင် နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်သို့ အလိုတော်ပြည့်ကျောင်းရှေ့မှ ဝင်ရောက်သည့် မြေသားလမ်းအရှည် ပေ ၁၅၈၀ ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် အမှုဆောင်ချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး မြေသားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြဝတီ



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး စစ်တွေလေဆိပ်သို့ အလိုတော်ပြည့်ကျောင်းရှေ့မှ ဝင်ရောက်သည့် မြေသားလမ်းအရှည်ပေ ၁၅၈၀ ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing accepts Credentials of Ambassador of Pakistan to Myanmar

NAY PYI TAW December 16

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of Pakistan to Myanmar H.E. Mr. Tariq Karim at the parlour of the Credentials Hall of the Office of the National Defence and Security Council here at 10 am today.

Afterward, they cordially discussed the strong diplomatic relations between Myanmar and Pakistan and ongoing efforts to further cement friendship and cooperation between the two countries, promotion of cooperation in trade, economic, defence, health, and political sectors and religious and tourism sectors, means to enhance cooperation between the Ministry of Foreign Affairs of the two countries, and sending of Pakistani observer teams to the multiparty democracy general elections that will be held in Myanmar soon.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing holds talks with Ambassador of Pakistan to Myanmar H.E. Mr. Tariq Karim.

After the meeting, the Senior General and the Pakistani ambassador posed for documentary photos.

Also present were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Than Htwe.

**100**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing accepts Credentials of Ambassador of Brunei Darussalam



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing receives Ambassador of Brunei Darussalam to Myanmar H.E. Haji Mohamad Sarif Pudin bin Matserudin.

NAY PYI TAW December 16

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of Brunei Darussalam to Myanmar H.E. Haji Mohamad Sarif Pudin bin Matserudin at the parlour of the Credentials Hall of the Office of the National Defence and Security Council here at 11 am today.

They then cordially discussed further improvement of friendship and cooperation between the two countries, exchange of goodwill visits between the heads of state of the two countries, promotion of cooperation in education, defence, tourism, and civil aviation sectors, humanitarian aid programs, Myanmar's abidance of the ASEAN Charter as a member state and its non-interference in the internal affairs of other countries, holding of a free and fair multi-party democracy general election in Myanmar and invitation of international election observer teams.

After the meeting, the Senior General and the ambassador of Brunei Darussalam posed for documentary photos.

Also present were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Than Htwe.

**100**

# Additional 12 buildings used for online scam gambling operations demolished in KK Park area; more online scam gambling perpetrators arrested in Myawady Township




An illegal two-story residential building in Section 3 of KK Park area.

NAY PYI TAW December 16

The Government of Myanmar, through a joint task force comprising security personnel, administrative organizations, and local authorities, is conducting clearance operations in the Shwe Kokko and KK Park areas, where online scam gambling activities are most heavily concentrated. The operations involve systematically demolishing and destroying seized materials used in online scam gambling operations and illegal structures.

As part of these ongoing efforts to crack down on online scam gambling, a total of 12 more illegal buildings used for such activities in Sector (3) of the Myawady-Maehtawthalay (KK Park) area were demolished today. These comprised one three-storey building and eleven two-storey buildings. This brings the total number of illegal structures systematically demolished within the KK Park area to 456 out of a total of 635.

Furthermore, to prevent illegal foreign nationals from residing and conducting online scam gambling operations in buildings in and around Myawady Township, Kayin State, the joint task force has been conducting search and clearance operations since December 8. Today, they were able to inspect an additional 43 buildings. Among these, three illegal Chinese male nationals were discovered and arrested in one building located on Ingyin Street in Ward (3), Myawady Town. After investigations are completed, they will be handed over to their respective countries in accordance with laws and procedures.

It is also learned that materials used for online scam gambling in the KK Park and Shwe Kokko areas within Myawady Township were also systematically burned and destroyed today to prevent their reuse.

News has been received that the government, treating the crackdown on online scam gambling as a national duty, will continue its operations in collaboration with domestic forces and neighbouring governments to completely prevent these activities from taking root in Myanmar. **100**



Items used by online scammers in Shwe Kokko area being burned and destroyed.

●● From Page - 23

regulate the riverbed have been included, which will also prevent annual flooding and inundation in Myitkyina town. Along the Ayeyawady River, from the delta to the sea mouth, there will consistently be a 10-meter water level throughout the year in summer, rainy season, and winter. This will enable large and small vessels to transport goods from the Ayeyawady Region up to Myitkyina. The silt and sediment from this riverbed can also be used as natural, nutrient-rich fertilizer for the farmlands of farmers working along the Ayeyawady River.

If the project is successful, it will bring benefits to the state and Kachin State by increasing productive capacity, obtaining more electric power, and enabling the use of waterways in all seasons. During explanations of these points, attending local ethnic people, responsible persons from associations, and community elders expressed satisfaction, happiness, and acceptance.

Afterwards, the Vice-Senior General presented honorary funds for 15 traditional ethnic cultural groups and 5 religious associations. Representatives from the groups accepted the funds.

Subsequently, the Vice-Senior General warmly greeted the attendees and toured exhibition stalls set up within the government office compound. These stalls displayed regional MSME agricultural and livestock products, household goods and foodstuffs, traditional textile products, and amber, gemstone, and bamboo handicrafts.

In the evening, the Vice-Senior General and party met with the Rector, Pro-Rectors, teachers, staff, and students from Myitkyina University, the University of Education Degree College, and the Polytechnic University at the Convocation Hall of Myitkyina University.

During the meeting, the Vice-Senior General addressed them, stating that today's youth, the students who will become tomorrow's leaders, are those who will shoulder the responsibilities of the state. Regarding education, based on the 2014 Population and Housing Census, the country's current population is over 51 million. At the Union level, the literacy rate for the population over 22 million is 92.11 percent. By age group, the proportion of the population aged 15 to 64 at the Union level is 66.9 percent, accounting for over half the population. Out of 51 million people, looking at school-age children, 9 out of 10 children are attending school, which is 90 percent. For the school-age group 10-14 years, it is 94.8 percent. For the basic education level age group 15-19 years, it is 45.3 percent, and for the university level age group 20-24 years, it is only 15 percent. For ages 25 and above, it is almost negligible. Regarding transition rates, significant weaknesses are found in our country.

Analyses related to this matter identify parental difficulties, school expense difficulties, lack of interest in pursuing education, and persons with disabilities, among others. To resolve these difficulties, the government, parents, students, and community elders all need to cooperate and work together. As the Head of State, since beginning to shoulder state responsibilities, he has been diligently supporting and promoting the education sector to enable school-age children to receive education. However, as weaknesses still exist, all concerned parties need to cooperate. In the future, those who graduate and enter respective workplaces will shoulder state responsibilities in their respective sectors and must strive to develop the education sector.

Afterwards, the Rector of Myitkyina University and responsible persons explained university-related information and the university's needs. Deputy Minister Dr. Zaw Myint discussed by sector, and the Vice-Senior General coordinated and provided necessary support, presenting honorary funds for the schools.

Next, the Vice-Senior General and party visited the People's Hospital. They visited local ethnic people receiving treatment, inquired individually about their illnesses and the medical treatment being provided, offered words of encouragement, and presented food items as well as honorary funds for the health staff.

Afterwards, the Vice-Senior General and party visited the Dhamma Rakkhita Wuntho Monastery compound in Myitkyina town, paid respects to the monastery's presiding monk, Sayadaw Bhaddanta Kesumala, presented religious matters, and offered donations of items and cash.

Subsequently, the Vice-Senior General and his entourage visited the Kachin Baptist Convention (KBC) in Myitkyina town. They met with the General Secretary of the Kachin Baptist Convention and venerable clergy from the Catholic Church, exchanged Christmas gifts, and exchanged Christmas prayer words and words of gratitude.

**100**

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers speech to officers, other ranks, families in Myitkyina Station

NAY PYI TAW December 16

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from the Office of the Commander-in-Chief, deputy ministers and officials, arrived in Myitkyina in Kachin State this morning and were greeted by Chief Minister of Kachin State U Khet Htein Nan and responsible officials, traditional dance troupe with traditional dances at the airport.

The Vice-Senior General and party proceeded from the airport to Bala Minhtin Hall of Northern Command and delivered a speech to officers, other ranks and families.

In his speech, the Vice-Senior General said the elections would be held in three phases and elections would be held in 102 townships in the first phase scheduled on 28 December. The second phase was scheduled in 100 townships on 11 January, 2026 and the third phase, in 72 townships after two weeks. The Tatmadaw would hold a free and fair multi-party democracy general election and relevant officials were required to play from relevant parts to hold the elections successfully. Furthermore, it was intended that bi-elections would be held in the remaining 56 townships as many as possible.

Measures must be taken to prevent voting irregularities that occured in the 2020 election. The Tatamdaw had to assume the responsibilities temporarily and the upcoming elections would be held under the leadership of it. A digital voting system known as Myanmar Electronic Voting Machines - MEVMs would be used to prevent voting irregularities. The systems were used by 34 countries in their elections and as those who were 18 years old and had a citizenship verification card were eligible voters, responsible officials had verified all required data door-to-door to ensure all eligible voters cast their votes. Responsible officials were required to play their relevant roles to enable all eligible voters to cast their votes. Furthermore, as stability was essential to enable the people to cast their votes in peace of mind, it was necessary to cooperate among the Tatmadaw, the Myanmar Police Force, local people militias, public security and anti-terrorism bodies, volunteers, town elders and the public for security issues. As eligible voters were residing in a country that had taken the path to democracy, they were required to cast their votes. As youths were those who would perform duties in accordance with the democratic system, they were required to cast their votes without fail. In casting votes, it was necessary to cast vote for the candidate who were willing to cooperate with the Tatmadaw in unison, could uphold the Our Three Main National Causes, could serve the interests of the relevant constituencies, could follow moral principles and possess security, administrative and economic perspectives. After the elections, the Hluttaw would be convened and the upcoming government would be formed.

As for the Tatmadaw, it was important to not to fail to carry out daily tasks. As the personnel would be able to work when they were fit and healthy, daily exercises must be done. Only then, will they be able to overcome their tasks and challenges healthily and peacefully through physical and mental fitness. It was necessary to lead a fit and healthy life by eating and living properly. In accordance with the motto to learn, practice and follow military skills and tactics, it was necessary to abide by the motto. As practice makes perfect, personnel would be skilful, have confidence and win victories with bravery and they would be able to win victories. As there were only a few those who had bravery instrinctiely , it must be cultivated by health and fitness and skills in military tactics.



Vice-Senior General Soe Win delivers speech to officers, other ranks, families in Myitkyina Station.

He stated that since Tatmadaw members are responsible for defending the State, they must ensure their primary duties are not neglected and must fully carry out the orders and tasks legitimately assigned to them. In performing these duties, it is necessary to be proficient in the three capabilities—military capability, administrative capability, and organizational capability—while also preserving and protecting the 12 Noble Traditions of the Tatmadaw. He noted that to achieve these three capabilities, they must daily carry out the four unit-building tasks: building through training, building through administra-tion, building through welfare, and building through morale.

Regarding administrative matters, he stated that responsible officials must maintain a close watch over the sectors of food, clothing, housing, transportation, education, and health care for officers, other ranks, and their families within their respective units to provide timely support and fulfillment. Furthermore, commanding officers must manage administrative support requirements for their personnel and families with the spirit of a good commander, ensuring fair and unified leadership. He noted that the Tatmadaw has already granted appropriate rights and benefits according to each rank; therefore, commanders must ensure that personnel receive their full and correct entitlements through strict supervision to promote welfare. He concluded that only by doing so can mutually respect and trust be established between superiors and subordinates, enabling them to fulfill their duties successfully.

He urged officers, other ranks, and their families to live and eat simply and ensure their income balances with their expenditures, in accordance with the 20 Codes of Conduct for soldiers within the Tatmadaw (Army, Navy, and Air) guidelines. He emphasized following the principles of avoiding drug use, excessive drinking, and gambling, and loathing bribery like filth, while exercising self-awareness to refrain from harmful habits and indulgences. He stated that welfare can be created by spending in balance with one's income, and it is necessary to distinguish between essential spending and wasteful extravagance to maintain this financial balance. Furthermore, he noted that while the Tatmadaw provides for the welfare of its members, properly carrying out unit-owned and small-scale private agriculture and livestock farming will greatly contribute to their overall well-being.He stated that for personal progress, as the saying goes, "Wisdom is found in books," libraries have been established in every unit, and it is necessary to read and study good literature. He noted that only by reading extensively can one gain knowledge and distinguish between right and wrong, and good and bad; therefore, officers, other ranks, and families need to increase their reading habits. He also urged them to follow the Commander-in-Chief of Defence Services' constant guidance on the "Four Appropriates", which are to go only to appropriate places, speak only appropriate words, do only appropriate work, and associate only with appropriate people. He concluded by saying that they must loyally and dutifully fulfill their assigned tasks to become good citizens upon whom the State and Tatmadaw can rely.

Afterwards, the Vice-Senior General coordinated with relevant officials to address the submissions made by the attending officers, other ranks, and their families. He then presented food supplies and honorary awards for the officers, other ranks, and family members, which were accepted by the Commander, his wife, and other responsible officials.

After the meeting, it is reported that the Vice-Senior General and his party cordially greeted the officers, other ranks, and family members in attendance.

# A video speech delivered by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing in honour of the opening of the 24th Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Symposium

## (16 December 2025)

**Everybody, Mingalaba!**

I extend my heartfelt greetings and best wishes to all the responsible individuals attending the Myanmar Traditional Medicine Practitioners Conference and the Myanmar Traditional Medicine Knowledge Exchange Event, to the distinguished traditional medicine practitioners from each region and state, to the experts in related fields, and to all distinguished guests. May you be filled with happiness, good health, and peace of mind. I sincerely hope that you will continue to cherish, preserve, and promote the heritage of Myanmar's traditional medicine.



Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing sends a video speech to the 24th Myanmar Traditional Medicine Practitioners Conference and Myanmar Traditional Medicine Symposium.

The Myanmar Traditional Medicine Practitioners Conference and the Myanmar Traditional Medicine Symposium, which began in the year 2000, have since been held annually, and this year marks their 24th edition.

The objectives of this year's conference are:

- **To further improve methods of diagnosis and treatment using Myanmar traditional medicine;**
- **To enable the people to understand the medicinal properties of surrounding plants and kitchen utensils;**
- **To enhance primary healthcare services through traditional medicine;**
- **To preserve, safeguard, and promote the traditional systems of Myanmar medicine.**

Myanmar traditional medicine has played an important role in the healthcare of the nation's people from ancient times up to the present day. For this reason, in line with the country's health policies, the conferences and knowledge exchange events are held annually with the aim of using traditional medicine and medicines to better safeguard public health. At the present time, this effort aligns with the fourth objective of the National Defence and Security Council: **"To put emphasis on enhancing the national education and health sectors for sustainable development of the State".** It also supports the national goal of promoting long-lasting health and well-being for all citizens by strengthening the inclusive healthcare sector.

To preserve, safeguard, and promote Myanmar's traditional medical education and medicines—a national cultural heritage—and to provide better healthcare to all citizens through traditional medicine, the country has established a major Traditional Medicine University that annually trains a new generation of traditional medicine practitioners. At present, in order to further develop traditional medicine in line with modern needs and to produce highly skilled traditional medicine practitioners, the first-ever doctoral course in traditional medicine was launched in the 2025 academic year.

Looking back over Myanmar's history, we can see the long-standing tradition of safeguarding public health through traditional medicine. For this reason, in order to enhance the practical skills of traditional medicine practitioners in providing healthcare to ethnic communities, a specialized training programme on physiotherapy was conducted in July and August 2025 at traditional medicine hospitals (100-bed) in Nay Pyi Taw and Yangon. We also see that during natural disasters and other emergencies, traditional medicine has actively played a role in assisting and protecting the public. Furthermore, to foster respect and appreciation for the heritage of Myanmar traditional medicine, efforts have been expanded in each region and state to provide traditional medicine education, and the delivery of traditional medicine-based healthcare services in schools has been intensified. It is with pride and satisfaction that we acknowledge these developments.

As a member of ASEAN, Myanmar not only cooperates with other member countries across various sectors but also actively participates in collaboration within the traditional medicine sector. If Myanmar's traditional medicine production industry can advance beyond the domestic industrial level to achieve regional and international standards—expanding production, improving quality, and enhancing packaging—it can boost the national economy and improve the socioeconomic well-being of the people. For this reason, in the ASEAN economic community, Myanmar is working together with other member countries to strengthen cooperation in the fields of traditional medicine and health supplements, to harmonize technical requirements and guidelines, and to facilitate smoother trade.

Therefore, I am pleased to note that in 2025, officials from the Ministry of Health and the Department of Traditional Medicine actively participated and led discussions in several international events, including the 37th Product Working Group for Traditional Medicines and Health Supplements (TMHS-PWG) Meeting and related sessions held in Singapore; the conference on traditional medicine and allied research among ASEAN countries held in Thailand; the workshop in Hanoi, Vietnam, on quality research related to raw materials of traditional medicine in Southeast Asian countries; the 3rd China-ASEAN cooperative conference on traditional medicine production held in China; and he international forum on tourism health development for ASEAN countries held in Guangxi, China.

Moreover, Myanmar is cooperating with international organizations such as the Shanghai Cooperation Organization, the ASEAN, the BIMSTEC and the Mekong Region in the traditional medicine sector.

Traditional medicines used by the public daily need to be safe, reliable, and of high quality and efficacy. In this regard, each step of the laboratory testing process is crucial, and it is necessary to enhance the capabilities of laboratory staff. Similarly, effective measures must be taken to prevent dishonest practices that could compromise the quality and integrity of traditional medicines.

In countries around the world, traditional medicine exists according to their local natural environment, culture, and customs, and people continue to rely on it as a heritage of their ancestors. While modern medicine and pharmaceuticals have advanced and are in use, it is well recognized that traditional medicine and remedies still serve as an important support for health. According to Myanmar's traditional medicine, it is important to understand the medicinal properties of local plants and kitchen utensils, so families can protect their health and live longer, healthier, and disease-free lives. Therefore, under the slogan **"Caring for public health through traditional medicine,"** traditional medicine practitioners should be encouraged to provide more health education and guidance to help the public maintain balanced daily living and proper nutrition.

In conclusion, the annual Myanmar Traditional Medicine Practitioners Conference and the Myanmar Traditional Medicine Symposium are held with the aim of further developing traditional medicine and enhancing public health through its practice. May the traditional medicine practitioners from different countries who meet at this significant conference come together in unity, consultation, and friendship. I sincerely hope that this gathering will help accelerate the advancement of Myanmar traditional medicine and strengthen its capacity to better protect and promote the health of the people.

Thank you all.

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets members of Kachin State government, departmental officials, local elders, and rectors, pro rectors, faculty members, staff and students of Myitkyina University, Education Degree College and Polytechnic University



Vice-Senior General Soe Win meets with departmental personnel.

NAY PYI TAW December 16

Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met members of Kachin State government, departmental officials, local elders, and rectors, pro rectors, faculty members, staff and students of Myitkyina University, Education Degree College and Polytechnic University at the designated venues today.

First, the Vice-Senior General delivered address to members of Kachin State government and departmental personnel at the meeting hall of the government office this afternoon.




Vice-Senior General Soe Win presents honorary funds for religious associations.

Also present were Central Adviser of National Defence and Security Council Daw Dwe Bu, Kachin State Chief Minister U Khet Htain Nan, senior military officers from the Office of the Commander-in-Chief, the Northern Command commander, deputy ministers, ministers of the state government, district/township level departmental officials, ethnic cultural dance troupes, religious associations, and local elders.

The chief minister reported on salient points of the area, development undertakings, farming activities, implementation of projects in current fiscal year, foreign exchange earnings from crop sales, disbursement of loans for farmers and entrepreneurs from national economic development funds, MSME businesses, preparations for holding a multiparty democracy general election, and progress in implementing the directives of the Head of State.

In his address, the Vice-Senior General said the visit is to fulfill the needs of development undertakings and other requirements in accord with the guidance of the Head of State. Some civil servants including those from health and education sectors took part in DCS under the outside influences, instigations and intimidations without the ability to differentiate between politics and national affairs after temporarily assuming the State duties on 1 February 2021. There are also good civil servants dutifully serving their task till now. The ones at the meeting are loyal civil servants. The first phase of the election will begin on 28 December 2025, the second phase, on 11 January 2026, and the third, two weeks after the second phase. Members of the parliament chosen by the people will appear only through an election. Only then will the Hluttaw be convened and the State power be transferred to new government.

Myanmar electronic voting machine (MEVM) will be used in the coming election to prevent the occurrence of vote rigging as in the 2020 election and to become a free and fair one. Global countries mostly use four systems -- Direct Recording Electronic System- DRE, Electronic Ballot Printer-EBPs, Optical Mark Recognition – OMR, and Internet Voting System – in applying the electronic voting system. EVM was first invented and introduced in the US in 1960. Nowadays, the said four systems are widely used in 34 countries. The neighboring India has a population of 1.46 billion and its ethnic diversity is wider than Myanmar. The systems are also being used by the populous country of India.



Vice-Senior General Soe Win converses with students from Myitkyina University, the University of Education Degree College, and the Polytechnic University at the Convocation Hall of Myitkyina University.

In order to ensure simple voting means for all eligible voters, Myanmar chose Direct Recording Electronic System- DRE and the machines are invented and manufactured by internal experts. Countries such as India, Bhutan, Iran, Romania, Brazil, Peru, Venezuela, Namibia, Bulgaria, and Albania are using the Direct Recording Electronic System- DRE. The MEVM to be used in Myanmar has already achieved the Certification of Conformity – CoC of the National Certification Committee-NCC, and the MMS Standard Mark of the National Certification Body-NCB. It is one of the services of the State for a free and fair multiparty democracy election.

It is important for all eligible voters to go to the polling stations for the success of a free and fair multiparty democracy general election. Hence, the State has made necessary preparations for all eligible voters to cast votes. The most important thing is area peace and stability and security. So, the local national races must join hands with the relevant officials. And it is also important to choose a person who can truly service the interest of the region, who has the correct political, administrative, economic, security views and the vision for rule of law, and a person who upholds Our Three Main National Causes and who can lead his organization.

Regarding economy, Myanmar has adopted the policy on

See Page - 23 ●●

From Page - 22

agro-based industries. Hence, correctness of statistics and loyal staff are required. The responsible personnel must conduct awareness campaigns for the successful realization of the State's vision on agriculture. MSMEs should concentrate on producing and exporting export items based on agriculture and should work within the framework, rather than paying attention just on local markets.

Electricity is a fundamental requirement for agricultural and livestock activities as well as for production processes from raw materials to finished goods. Globally, electricity is generated from hydropower, wind power, solar energy, coal, and natural gas. In this regard, it is observed that in Myanmar, the cost of producing one unit of electricity averages Ks-82 from hydropower, Ks-171 per unit from solar energy, Ks-235 per unit from natural gas, and Ks-215 per unit from coal. As hydropower is the most cost-effective option, it is necessary to review, discuss, and implement the Myitsone Hydropower Project, which benefits from the natural conditions created by the confluence of the Maykha and Malikha rivers forming the Ayeyawady River, in order to generate electricity in Kachin State.

In the country, policies have been formulated and are being implemented in relation to domestic and foreign investment, public finance, the monetary sector, and trade. For national development, there is a need for a large number of educated people who are capable of critical thinking on economic matters; therefore, it is necessary to promote and strengthen the education sector in order to develop the country's human resources. According to the 2014 Population and Housing Census, the country's current population exceeds 51 million. The proportion of the population aged between 15 and 64 stands at 66.9 percent at the Union level, 70.8 percent in urban areas, and 60.1 percent in rural areas. These figures indicate that the working-age population is gradually increasing. The rise from 54.8 percent in 1973 to 66.9 percent in 2024 may be partly attributed to the migration of young workers from rural to urban areas and the expansion of employment opportunities.



Vice-Senior General Soe Win presents Christmas gifts to an official.

The 66.9 percent working-age population consists of youth and middle-aged groups. In order to increase the number of educated communities—namely human resources—and to ensure that the growing number of children under the age of 15 also develop into educated youth and adults, it is observed that investment in the education sector needs to be further expanded beyond its current level. If the child population under 15 and the working-age population between 15 and 64 can fully develop as human resources, the country will be able to move onto a path of faster and more dynamic socio-economic development. At the same time, as political conditions and related international diplomatic relations improve, foreign direct investment (FDI) is likely to increase, creating more employment opportunities in which the country's human resources can be utilized. Moreover, if efforts are made to promote socio-economic development through technology transfer, along with indigenous innovation and entrepreneurship, it is certain that national economic development will become unstoppable.

Since assuming interim responsibility for national affairs, the Head of State has consistently promoted and supported the education sector. These efforts include expanding the number of universities and colleges, upgrading higher education institutions, and allocating funds to basic education schools not only from the budget submitted by the Ministry of Education but also from surplus funds. In addition, efforts have been made, as far as possible and in accordance with the law, to improve the welfare of teachers through means other than salary increases. As a result, among a Union-level population of more than 22 million, the literacy rate stands at 92.1 percent, and it is observed that nine out of every 10 adults aged 15 and above are able to read and write.

However, it is observed that school attendance still requires improvement. Of the 10.5 million people aged between 3 and 25, 56.1 percent are currently attending various schools, 34.1 percent have attended school in the past, and 9.8 percent have never attended school. Among children aged 5 to 9, 9 out of 10 are attending school, and the attendance rate for those aged 10 to 14 stands at 84.2 percent. However, school attendance declines markedly to 43.3 percent among those aged 15 to 19, and further to 15 percent among those aged 20 to 24. After the age of 25, school attendance is almost nonexistent. Overall, 46 percent of adults have completed only KG or primary level, 23.8 percent have reached the middle school level, 14 percent the high school level, and only 1.6 percent have attended university or college, indicating that substantial efforts are still required to improve the changing of learning grades.

The opening of technical high schools was arranged by the Head of State. At present, 89 schools have been opened and are providing instruction across 88 districts, thereby supporting the development of human resources. It is necessary for all schoolchildren and youth, as well as all parents in the respective states and regions, to be aware of this and to work, to the fullest extent possible, toward increasing the learning grades, with the aim of achieving a 100 percent transition rate between education levels. An assessment of the reasons for non-attendance shows that they stem from parental difficulties, financial constraints related to schooling costs, lack of interest in education, and disabilities. To address these challenges, it was emphasized that the government, parents, students, and community elders must all cooperate and work together.

Town elder U Ah Phu reported on requirement of adequate volume of fertilizers, proper flow of water not to cause flooding, and requirements in agriculture and livestock activities and other sectors for development. Town elder U Lamai Gwam Ja, on behalf of local people, town elders and religious organizations, requested to explain advantages from the Myitsone hydropower project and its guarantees. So, Deputy Minister U Aye Kyaw explained discussions with relevant companies from China to implement the project.

The Vice-Senior General gave a detailed discussion, saying that the Myitsone Project was first implemented during his tenure as the command commander. However, the project was suspended only shortly before the commencement of the final-stage dam construction due to political crises and unforeseen circumstances. With regard to the construction of the project, extensive discussions were held with local residents and religious leaders, particularly on concerns about potential risks should the dam collapse, given that the site lies in an earthquake-prone area. It was therefore discussed and agreed that the dam should be constructed using an earthquake-resistant design. As the Myitsone hydropower project site is located 25.4 kilometres from the Sagaing Fault, the dam was calculated and designed, under the original plan, to withstand a Maximum Credible Earthquake (MCE) of magnitude 7.1.

This project originally planned a total of 19,099 MW, comprising 6 projects along the Maykha and Malikha rivers, including the 6,000 MW Myitsone project, and began with the Chibwe Nge and Myitsone projects. The Ministry of Electric Power of Myanmar has repeatedly discussed with relevant parties regarding the dam height and the production capacity in megawatts of the Myitsone project, using 6 proposed methods to ensure the Myitsone landmark is not lost. They have screened three proposed models that would not cause the disappearance of the confluence flow of the Maykha and Malikha rivers, are feasible for both countries, and are economically viable. The dam type will be a Concrete Face Rock Fill Dam (CFRD), with an installed capacity of 5,600 MW. Regarding earthquakes, the Zaungtu Dam, located 30.9 meters from the Sagaing Fault, is an earth-fill dam capable of withstanding magnitude 6 earthquakes. The Kun Reservoir Dam near Hpyu Township, located on the Sagaing Fault, is a rock-fill dam type capable of withstanding magnitude 7.9 earthquakes. It was found that these two dams suffered no damage during the large Mandalay earthquake on March 28, 2025.

For the current Myitsone dam construction site, although the previous design was calculated for magnitude 7.1, experts from the Asia Charter Professional Engineer (ACPE) group will now recommend and calculate a design capable of withstanding seismic activity greater than that of the recent Mandalay earthquake. Operations to

See Page - 19

# လေကြောင်းနှင့်အာကာသစွမ်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးသယ်ပိုးနေသော တပ်မတော်(လေ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်သကဲ့သို့ တပ်မတော်(ရေ) နှင့် တပ်မတော်(လေ)တို့သည်လည်း တပ်မတော်၏ အဓိကအစိတ်အပိုင်းများဖြစ်သည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) ညီနောင်သုံးဖော်တို့သည် နိုင်ငံတော်ကာကွယ်ရေးတွင် ကျရာတာဝန်ထမ်းဆောင်နေကြရသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သည့်အတွက် တပ်မတော်အင်အားရှိအောင် စွမ်းဆောင်ကြိုးပမ်းနေရသည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးကိုချစ်မြတ်နိုးသူတိုင်းက မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာနေမှုကို အလွန်နှစ်သက်သဘောကျသည်။ အကောင်းမြင်စိတ်ဖြင့် အမြဲအားပေးလျက်ရှိသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တစ်ပြေးညီအင်အားတောင့်တင်းခိုင်မာနေမှသာ ပေါ်ပေါက်လာမည့်ရန်မှန်သမျှကို အောင်မြင်စွာချေမှုန်းနိုင်မည်ဖြစ်သည်။

နိုင်ငံတကာမျက်နှာစာလေ့လာကြည့်သည့်အခါ စစ်ရေးပဋိပက္ခမှာ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ နိုင်ငံတိုင်းက မိမိနိုင်ငံကို အမြင့်မားဆုံးကာကွယ်နိုင်ရေးကို ကြိုးပမ်းလုပ်ဆောင်နေကြပြီဖြစ်သည်။ မိမိတစ်ဦးတည်းမတတ်နိုင်လျှင် အစုအဖွဲ့ဖွဲ့စည်းကာ မိမိနိုင်ငံကိုကာကွယ်လျက်ရှိကြသည်။ ခေတ်မီနည်းပညာများလျင်မြန်စွာ တိုးတက်လာခြင်းနှင့်အတူ ခေတ်မီလက်နက်အသစ်အဆန်းများကလည်း ပေါ်များလာသည်။ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တပ်မတော်ကို အင်အားခိုင်မာတောင့်တင်းအောင် တည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် တပ်မတော်(ရေ)ဆိုလျှင် မိမိတို့အသုံးပြုနေသည့် ရေတပ်ဆိုင်ရာ သင်္ဘောများကို ကိုယ်တိုင်တီထွင်ဆောက်လုပ်ခြင်း၊ တပ်မတော်(လေ)ဆိုလျှင်လည်း မိမိတို့အသုံးပြုနေသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းတီထွင်ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိနေသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ကောင်းလှသည့် စွမ်းဆောင်ချက်များဖြစ်သည်။

တပ်မတော်(လေ)သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု(၇၈)နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ တပ်မတော်(လေ) သည် လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာခဲ့ပြီး ယခုအခါ စွမ်းရည်ထက်မြက်သောလေတပ်အဖြစ် နိုင်ငံအတွက်ခိုင်မာစွာရပ်တည်လျက်ရှိသည်။ တပ်မတော်(လေ)ကို စတင်ဖွဲ့စည်းစဉ်အချိန်က Tiger Moth နှင့် Gipsy Moth လေယာဉ်အနည်းငယ်သာရှိခဲ့သည်။

တပ်မတော်(လေ)အနေဖြင့် ၁၉၅၄ ခုနှစ် မတ်လအတွင်း ဘုရင့်နောင်စစ်ဆင်ရေး၊ ၁၉၅၅ ခုနှစ်တွင် ရန်ကြီးအောင်စစ်ဆင်ရေး၊ ၁၉၆၀ ပြည့်နှစ်တွင်မဲခေါင်စစ်ဆင်ရေးစသည်ဖြင့် လေကြောင်းမှစစ်ဆင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် ရန်သူ၏ရိုက္ခာပို့လေယာဉ်အင်ဂျင်လေးလုံးတပ်လေယာဉ်ကြီးနှင့်မြန်မာ့တပ်မတော်(လေ)၏ Seafury တိုက်လေယာဉ်သုံးစင်းတို့ ဝေဟင်၌တိုက်ပွဲဖြစ်ပွားကြသည်။ ဤဝေဟင်တွင် ဖြစ်ပွားခဲ့သော ဤတိုက်ပွဲသည် ကမ္ဘာပေါ်တွင် ပထမဆုံးတိုက်ပွဲဟုဆိုကြသည်။ အဆိုပါတိုက်ပွဲတွင် ရန်သူ၏လေယာဉ်သည် မီးလောင်ပျက်စီးကျဆုံးသွားခဲ့သည်။ တပ်မတော်(လေ)မှဗိုလ်ပီတာ၏လေယာဉ်ပျက်ကျပြီး လေသူရဲပါကျဆုံးခဲ့ရသည်။



မြန်မာ့တပ်မတော်၊ တပ်မတော်(လေ)၏ အောင်ပွဲအဖြစ် မမေ့နိုင်သောတိုက်ပွဲများဖြစ်ခဲ့သည်။ ကူမင်တန်ကျူးကျော်စစ်မှာလည်း မဲခေါင်စစ်ဆင်ရေးတွင်အဆုံးသတ်ပြီး ကျူးကျော်သူများကိုမြန်မာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့သည်။

ယနေ့မျက်မှောက်ကာလစစ်ပွဲများတွင် လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါလှသည်။ စစ်ပွဲတစ်ပွဲ၏ အနိုင်အရှုံးက အဆုံးအဖြတ်ပေးနိုင်သည့်အနေအထားဖြစ်သည်။ ထို့ကြောင့် တပ်မတော်ကိုအင်အားတောင့်တင်းခိုင်မာကျစ်လျစ်နေအောင်ဆောင်ရွက်ရာတွင် တပ်မတော်(လေ)ကိုလည်း စွမ်းရည်စွမ်းအားမြင့်မားသောတပ်မတော်(လေ)အဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

တပ်မတော်(လေ)တွင် အဓိကသင်ကြားပို့ချပေးလျက်ရှိသည့် လေယာဉ်မောင်းသင်ကျောင်း၊ လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း၊ စက်မှုလက်မှုအတတ်သင်ကျောင်း၊ အီလက်ထရွန်နစ်အတတ်သင်ကျောင်းနှင့် အုပ်ချုပ်ရေးအတတ်သင်ကျောင်းစသည့်သင်တန်းကျောင်းကြီးများမှ အရည်အချင်း၊ အရည်အသွေးထက်မြက်သည့် အရာရှိ/စစ်သည်များကို မွေးထုတ်ပေးလျက်ရှိသည်။ ခေတ်မီပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အတူ လိုက်လျောညီထွေဖြစ်မည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများအား “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်သည် တပ်မတော်(လေ)၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားစဉ် **“တပ်မတော်(လေ) ကိုလည်း ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီး စွမ်းရည်ထက်မြက်အင်အားတောင့်တင်းခိုင်မာသည့်လေတပ်တစ်ခုအဖြစ် အဆင့်ဆင့်တည်ဆောက်ပေးလျက်ရှိကြောင်း၊ စတင်ဖွဲ့စည်းတည်ထောင်ချိန်က အခြေစိုက်စခန်း ၁ ခုနှင့် ပျံသန်းရေးအုပ်အနည်းငယ်သာရှိခဲ့ရာမှ ယခုဆိုပါက မြန်မာ့ဝေဟင်ပိုင်နက်တစ်ခုလုံးကို အလှမ်းမီစိုးမိုးနိုင်ရန် ဖြန့်ကြက်ချထားနိုင်ပြီဖြစ်ကြောင်း၊ စွမ်းဆောင်ရည်ပိုင်းတွင်လည်း သောင်းကျန်းမှုနှိမ်နင်းရေး လေတပ်အဆင့်မှ နည်းဗျူဟာမြောက် လေတပ်တစ်ခုအဖြစ် တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ လက်ရှိဆင်နွှဲနေသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများတွင် တပ်မတော်(လေ)အနေဖြင့် နိုင်ငံအနှံ့ ပျံသန်းစစ်ဆင်မှုများ ထိထိရောက်ရောက်ဆောင်ရွက်ကာ အထောက်အကူပြုနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာ အကြမ်းဖက်များပပျောက်ရေးကို ဆောင်ရွက်နေခြင်းမှာ လွန်စွာမှန်ကန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုမှန်သမျှ ကင်းစင်နေရမည်ဖြစ်သည်။ လူတိုင်းသည် မိမိတို့အသက်ရှင်သန်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်း၍ စိတ်ချလုံခြုံစွာနေထိုင်ရခြင်းကို နှစ်ခြိုက်ကြသည်။ တပ်မတော်၏ဆောင်ရွက်ချက်များမှာ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့်တပ်မတော်အင်အားတောင့်တင်းခိုင်မာစွာရှိနေမှုကို သဘောကျပေရာ တပ်မတော်(လေ)အနေဖြင့် ထိရောက်အစွမ်းထက်မြက်သည့် လေကြောင်းစွမ်းအားကို ပိုင်ဆိုင်အသုံးချနိုင်ရေး လေတပ်၏တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်နှစ်မျိုးလုံးမြင့်မားပြည့်စုံအောင် တည်ဆောက်ထားရမည်ဖြစ်သည်။ တိုက်စွမ်းအားတိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အနေဖြင့် လေယာဉ်/ရဟတ်ယာဉ်နှင့် စစ်ဆင်ရေးအထောက်အကူပြုစနစ်များကို အခါအားလျော်စွာကြိုးပမ်းဖြည့်တင်းနေခြင်းဖြစ်သည်။

တပ်မတော်(လေ)တွင် ပျံသန်းရေး၊ အုပ်ချုပ်ရေးနှင့် စက်မှုလက်မှုကဏ္ဍကြီးသုံးရပ်လုံးရှိ စစ်မှုထမ်းအားလုံးတက်ညီလက်ညီကြိုးပမ်းလုပ်ဆောင်ကြမှသာ တပ်မတော်(လေ)အနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝကောင်းမွန်ပြီး “တောင်ပံဖြန့်ချီ အောင်ပွဲဆီသို့” ဟူသည့် အတိုင်း အောင်မြင်မှုများရရှိမည်ဖြစ်သည်။ တပ်မတော်(လေ)စတင်တည်ထောင်ခဲ့ချိန်ကစပြီး ယနေ့အထိရရှိခဲ့သည့် အောင်မြင်တိုးတက်မှုများနှင့် ရလဒ်ကောင်းများသည် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ/စစ်သည်အားလုံး၏ ရဲစွမ်းသတ္တိပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ တာဝန်ကျေပွန်မှုများကြောင့်ဖြစ်သည်။ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် စစ်မှုထမ်းများအနေဖြင့် ၎င်းတို့ကို အတုယူစံနမူနာထားပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရမည့်အပြင် နောင်မျိုးဆက်သစ်များအတွက်ပါ ကောင်းမွေများချန်ထားပေးနိုင်ရေး၊ တပ်မတော်(လေ)၏ စွမ်းဆောင်ရည်အစဉ်တိုးတက်မြင့်မားနေရေးဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်းမှာ စဉ်ဆက်မပြတ်လုပ်ဆောင်နေရမည့် သမိုင်းပေးတာဝန်တစ်ခုလည်းဖြစ်သည်။

တပ်မတော်(လေ)သည် နှစ်ပေါင်း (၇၈)နှစ်အတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကိုစွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့နေရသည့် ဒေသများရှိပြည်သူများထံလိုအပ်သည့်ပစ္စည်းများကို လျင်မြန်စွာပေးပို့နိုင်ခြင်းမှာလည်း ပြည်သူများအတွက် အထူးဝမ်းသာဖွယ်ဖြစ်သည်။ ထို့အတူစစ်ဆင်ရေးများ ဆင်နွှဲရာတွင် တပ်မတော်(လေ) စွမ်းဆောင်မှုများက ရန်သူတို့ကိုအထိနာစေခဲ့သည်။ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် နောင်နှစ်ပေါင်းများစွာတိုင်နိုင်ငံတော်ကအားထားရသော တပ်မတော်(လေ)အဖြစ် ရပ်တည်နိုင်ပါစေကြောင်းနှင့် လေကြောင်းနှင့်အာကာသစွမ်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အရာရာကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။ ။

**❖ တပ်မတော်(လေ)သည် နှစ်ပေါင်း(၇၈)နှစ်အတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည့်ဒေသများရှိ ပြည်သူများထံ လိုအပ်သည့်ပစ္စည်းများကို လျင်မြန်စွာပေးပို့နိုင်ခြင်းမှာလည်း ပြည်သူများအတွက် အထူးဝမ်းသာဖွယ်ဖြစ်သည်။ ထို့အတူ စစ်ဆင်ရေးများဆင်နွှဲရာတွင်တပ်မတော်(လေ)စွမ်းဆောင်မှုများက ရန်သူတို့ကို အထိနာစေခဲ့သည်။ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်ကအားထားရသော တပ်မတော်(လေ) အဖြစ် ရပ်တည်နိုင်ပါစေကြောင်းနှင့် လေကြောင်းနှင့်အာကာသစွမ်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အရာရာကို အောင်မြင်စွာဆောင်ရွက်နိုင်ပါစေ . . .**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ






မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အင်ကြင်းလမ်းရှိ ၁ ထပ်အဆောက်အအုံအတွင်းမှ တရားမဝင်နိုင်ငံခြားသား ၃ ဦး ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများမီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။




နေပြည်တော် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ် အဆောက်အအုံ ၁ လုံး၊ ၂ ထပ်အဆောက်အအုံ ၁၁ လုံး၊ စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၅၆ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၃ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ အင်ကြင်းလမ်းရှိ အဆောက်အအုံ ၁ လုံးအတွင်း၌ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး စုံစမ်းစစ်ဆေးမှုများပြီးဆုံးပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်းစနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်ကိုင်းမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၇ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော် ဖမ်းဆီးရမိ




တရားခံ မိုးမင်းစံ၊ မျိုးသူရ၊ ချစ်ကိုကိုနိုင်၊ ခင်မောင်ဇော်၊ မခင်ဆွေမြင့်နှင့်စိုးလွင်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၆

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၆ ရက်နေ့ ညနေ ၄ နာရီခွဲအချိန် စစ်ကိုင်းမြို့၊ ရွာထောင်(မီးရထား)ရပ်ကွက်၊ ဈေးလမ်းရှိ စိုးလွင်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်မှစိုးလွင်နှင့် မခင်ဆွေမြင့်တို့ ၂ ဦးအား ဘိန်းဖြူ ၁၈ ဒသမ ၃၁၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေအိမ်ခြံဝင်းအတွင်း ရပ်တန့်ထားသည့် HYUNDAI PORTER II ယာဉ်နှင့်အတူ မိုးမင်းစံနှင့်မျိုးသူရတို့ ၂ ဦးအား ဘိန်းဖြူ ၂၅ ဒသမ ၇၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၆၅ သိန်းအားလည်းကောင်း၊ အလားတူ TOWNACE LIGHT TRUCK ယာဉ်နှင့်အတူ ချစ်ကိုကိုနိုင်နှင့် ခင်မောင်ဇော်တို့ ၂ ဦးအား ဘိန်းဖြူ ၁၃ ဒသမ၈၆ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ဒသမ ၀၅ သိန်းအားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်းဘိန်းဖြူ ၅၇ ဒသမ ၉၁၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၈၉၅၇၅ ဘီလီယံ)နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၇ သန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁၂ ဒသမ ၆၇၅၁ ဘီလီယံ)တို့အား သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ၁၅ ဒသမ ၅၇ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဥတ္တရသီရိမြို့နယ်၊ ကျွဲရှင်းကျေးရွာနေ ဘုန်းမြတ်စံ (ခ)သားငယ်(ဖမ်းဆီးရန်ကျန်) နှင့် ချမ်းမြသာစည်မြို့နယ်နေ အောင်နိုင်(ခ)ဖက်တီး (ဖမ်းဆီးရန်ကျန်) တို့၏အစီအမံဖြင့် ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်နေ တာဝန်ခံသယ်ဆောင်သူ ထွန်းထွန်းနိုင် (ဖမ်းဆီးရန်ကျန်)သည် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ တစ်ဆင့်သယ်ဆောင်ပြီး မန္တလေးမြို့သို့ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ရုပ်ရှင်ဆိုင်ရာလိုင်စင်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၀-၁၂-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၉/၂၀၂၄ ဖြင့် **ရုပ်ရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်ဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၃-၁၂-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၉/၂၀၂၅ ဖြင့် **ရုပ်ရှင်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ**ကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

အဆိုပါနည်းဥပဒေများအရ မူလရုပ်ရှင်လုပ်ငန်းအမျိုးအစား(၈)မျိုးအပြင် အောက်ဖော်ပြပါလုပ်ငန်းများကိုလည်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်လျှောက်ထားရယူပြီးမှ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊
(ခ) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊
(ဂ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊
(ဃ) ရုပ်ရှင်စတူဒီယို(Studio) တည်ထောင်လုပ်ကိုင်ခြင်း၊
(င) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့်အထူးပြုလုပ်ချက်များဆောင်ရွက်ခြင်း၊
(စ) အွန်လိုင်း (Online) ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ (Applications)အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ (Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။

အလားတူ ရုပ်ရှင်ရုံလိုင်စင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁၇-၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Aungsan Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာနေ အောင်ဆန်းဦးအား ညနေ ၅ နာရီ ၄၅ မိနစ်တွင် တံတားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၄)ဘဏ်တို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊
(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊
(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊
(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊
(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

| | |
|---|---|
| (၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက်ချေးငွေ | - အနည်းဆုံးကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ |
| (၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ | - အနည်းဆုံးကျပ်သိန်း ၂၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ အထိ |

(၃) ကျပ်သိန်း ၅၀၀၀ အထက် **ကျပ်သိန်း ၁၀၀၀၀ အထိ** ချေးငွေရယူလိုသော ကုမ္ပဏီအစုအဖွဲ့များ၊ ဆီစက်ကြီးများအနေဖြင့် စက်အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းများအတွက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

| | |
|---|---|
| (၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) | - ချေးငွေသက်တမ်း (၁)နှစ် |
| (၂) မတည်ရင်းနှီးငွေ (Fixed Capital) | - ချေးငွေသက်တမ်း (၃) နှစ်<br>- ဆိုင်းငံ့ကာလ (၁) နှစ်၊ ပြန်ဆပ်ကာလ (၂) နှစ်၊ (၄) ရစ်ပေးဆပ်ရန် |

(ဂ) **ချေးငွေအတိုးနှုန်း** - ၁ နှစ်လျှင် (၅%)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊
(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊
(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊
(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊
(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊
(စ) **ပုဂ္ဂလိကဘဏ်(၁၄)ဘဏ်** [ကမ္ဘောဇဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ (ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ သတ္တုဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ဆောက်လုပ်ရေးအိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာမက်ထရိုဘဏ်လီမိတက်]။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန website www. mopf.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# (၄)ကြိမ်မြောက် ကမ္ဘောဒီးယား-မြန်မာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် အစားအစာပြပွဲကျင်းပ၊ ကုန်းလမ်းနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းလွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၆

(၄)ကြိမ်မြောက် ကမ္ဘောဒီးယား-မြန်မာ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ အစားအစာပြပွဲနှင့် ကုန်းလမ်းနှင့်နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆွေးနွေးပွဲများကို ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၁၃ ရက်မှ ၁၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

(၄)ကြိမ်မြောက် ကမ္ဘောဒီးယား-မြန်မာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက်တွင် Sokha Phnom Penh Hotel and Residence ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Chuk Chumno တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့သည်။



အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ခရီးသွားဧည့်သည်ဝင်ရောက်မှုများအပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ မူဝါဒများနှင့် မဟာဗျူဟာများ အပြန်အလှန်ဖလှယ်ခြင်း၊ ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံကိန်း ၂၀၂၆-၂၀၂၇ ရေးဆွဲညှိနှိုင်းခြင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးနိုင်မည့်အခြေအနေများကို ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် အစားအစာပြပွဲနှင့် ကုန်းလမ်းနှင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းလွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Mr. HOUT Hak၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Suanesavanh Vignaket ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ဗီယက်နမ် အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး Ms. Tran Thi Phuong နှင့် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ကုန်းလမ်းနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းများဆောင်ရွက်နေမှုများ၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုနှင့်အခွင့်အလမ်းများကို အပြန်အလှန်ဖလှယ်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆နှင့်ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ် ဇွန်လတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ဖိုရမ်ကာလအတွင်း (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-မြန်မာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ခြင်းလုံးအားကစားပြိုင်ပွဲများတွင် မြန်မာခြင်းလုံးအားကစားအဖွဲ့က ရွှေတံဆိပ်ဆုနှစ်ခုအပါအဝင် ဆုတံဆိပ်ခြောက်ခုရရှိထား



ရန်ကုန် ဒီဇင်ဘာ ၁၆

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ၌ ခြင်းလုံးအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာခြင်းလုံးအားကစားအဖွဲ့က ဒီဇင်ဘာလ ၁၅ ရက်အထိ ရွှေတံဆိပ်ဆုနှစ်ခုအပါအဝင် ဆုတံဆိပ်ခြောက်ခုရရှိထားကြောင်းသိရသည်။

မြန်မာခြင်းလုံးအားကစားအဖွဲ့အတွက် ဆုတံဆိပ်များကို ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှ ရွှေတံဆိပ်ဆုနှစ်ခု၊ ငွေတံဆိပ်ဆုနှစ်ခုနှင့် ကြေးတံဆိပ်ဆုနှစ်ခုရရှိထားခြင်းဖြစ်သည်။

ထိုင်းဆီးဂိမ်းတွင် ကျင်းပပြီးသည့် တခြားအားကစားပြိုင်ပွဲများ ဖြစ်သော ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆုတစ်ခုနှင့် ကြေးတံဆိပ်ဆုနှစ်ခု၊ ဝူရှူးအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုသုံးခုနှင့် ကြေးတံဆိပ်ဆုသုံးခု၊ ကနူးကယက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုသုံးခုနှင့် ကြေးတံဆိပ်ဆုတစ်ခု၊ တက်ကွ်ဘောပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှစ်ခုနှင့် ကြေးတံဆိပ်ဆုနှစ်ခု၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှစ်ခု၊ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတစ်ခုနှင့် ကြေးတံဆိပ်ဆုငါးခု၊ ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတစ်ခုနှင့် ကြေးတံဆိပ်ဆုသုံးခု၊ ကရာတေးဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတစ်ခုနှင့် ကြေးတံဆိပ်ဆုတစ်ခု၊ ပီတန်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတစ်ခု၊ မြင်းစီးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုတစ်ခု၊ ရွက်လှေပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုတစ်ခုနှင့် အလေးမပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုတစ်ခု အသီးသီးရယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒီဇင်ဘာလ ၁၆ ရက်တွင် ဆက်လက်ကျင်းပနေသည့် ပိုက်ကျော်ခြင်း၊ စနူကာ၊ ကစ်ဘောက်ဆင် စသည့် သက်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုကစားသမားများက အောင်မြင်မှုများရရှိရေးအတွက် ဆက်လက်ကြိုးစားယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

လူသစ်

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၆-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၆၀ | ၁၀၀ | ၆၆ | ၃၂၆ |
| ၂ | အင်ဒိုနီးရှား | ၆၂ | ၇၂ | ၇၂ | ၂၀၆ |
| ၃ | ဗီယက်နမ် | ၄၈ | ၅၅ | ၇၉ | ၁၈၂ |
| ၄ | စင်ကာပူ | ၃၇ | ၃၅ | ၄၈ | ၁၂၀ |
| ၅ | မလေးရှား | ၃၀ | ၃၁ | ၉၀ | ၁၅၁ |
| ၆ | ဖိလစ်ပိုင် | ၂၉ | ၄၅ | ၉၄ | ၁၆၈ |
| ၇ | မြန်မာ | ၃ | ၁၉ | ၂၄ | ၄၆ |
| ၈ | လာအို | ၂ | ၇ | ၁၇ | ၂၆ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

# မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ ငွေတံဆိပ်ဆုနှစ်ခုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

ထိုင်းနိုင်ငံ၌ကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၌ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့က ငွေတံဆိပ်ဆုနှစ်ခုရရှိခဲ့ကြောင်း သိရသည်။

ထိုင်းဆီးဂိမ်း၏ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်ကစားသမား နိုင်လင်းထွန်းနှင့် ဇင်မေထက်တို့က ငွေတံဆိပ်ဆုရရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါလမ်းလျှောက်ပြိုင်ပွဲတွင် အမျိုးသားပွဲစဉ်၌ အင်ဒိုနီးရှားကစားသမားက ရွှေတံဆိပ်ဆု၊ မြန်မာကစားသမား နိုင်လင်းထွန်းက ငွေတံဆိပ်ဆုနှင့် ဗီယက်နမ်ကစားသမားက ကြေးတံဆိပ်ဆုရရှိခဲ့သည်။

ထို့ပြင် အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားကစားသမားက ရွှေတံဆိပ်ဆု၊ မြန်မာကစားသမား ဇင်မေထက်က ငွေတံဆိပ်ဆုနှင့် အိမ်ရှင်ထိုင်းကစားသမားက ကြေးတံဆိပ်ဆု ရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်၊ ချွန်ဘူရီနှင့် ချင်းမိုင်မြို့တို့တွင် ကျင်းပနေသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ အားကစားနည်း ၅၄ မျိုးဖြင့်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်အားကစားနည်း ၃၈ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာလ ၁၅ ရက်အထိ ယှဉ်ပြိုင်မှုများ ပြီးဆုံးချိန်တွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ်ဆုသုံးခု၊ ငွေတံဆိပ်ဆု ၁၇ ခု၊ ကြေးတံဆိပ်ဆု ၂၂ ခုဖြင့် နိုင်ငံအလိုက် အဆင့် (၇) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

လူသစ်

# လားရှိုးမြို့၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်" ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ "ဒို့အတူတူမဲပေးကြမယ်" ပညာပေးလက်ကမ်းစာစောင်များအား ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ မန်ဆူကားဝင်း၊ လားရှိုးမြို့မဈေးကြီးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့(ရှမ်းမြောက်)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများမှ "ဒို့အတူတူမဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"၊ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်။ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူရွေးချယ်ကြပါစို့ စာသားများပါ လက်ကမ်းစာစောင်များနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို မြန်မာဘာသာ၊ ရှမ်းဘာသာဖြင့် ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒစွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ၁၇-၁၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၄-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေကို မက်လုံးများစွာနဲ့ မြူဆွယ်လာသော ဘဝပျက်စေမည့်လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။





**အမည်မှန်**
အ.ထ.က(၃)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-10 မှ ဦးဇော်မျိုးအောင်၏ အမည်မှန်မှာ ဦးဦးသန်းထွန်း ၁၁/မပန(နိုင်)၀၉၂၇၇၄ ဖြစ်ပါကြောင်း။ ဦးဦးသန်းထွန်း

**ပျောက်ဆုံးကြောင်း**
ယဉ်နွယ်မွန်(ဘ)ဦးငွေအောင် ၇/နတလ(နိုင်)၁၅၇၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်မှန်**
အ.ထ.က(၉)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-10 မှ မအိမ့်မှူးသော်တာ၏ မိခင် ဒေါ်သက်သက်ခိုင်၏အမည်မှန်မှာ ဒေါ်သင်းသင်းခိုင် ၁၄/ပသန(နိုင်)၂၁၇၈၉၁ ဖြစ်ပါကြောင်း။ ဒေါ်သင်းသင်းခိုင်

**ပျောက်ဆုံးကြောင်း**
မော်ဖိုင်ချွမ်း(ဘ)ဦးမော်ဆီ ၁၃/လရန(နိုင်)၂၄၀၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ငွေကြည်(ဘ)ဦးဇော်သောင်း ၁၃/လရန(နိုင်)၂၁၉၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နွံ့ယဉ်ဝင်း(ဘ)ဦးအောင်ငြိမ်း ၇/ဖမန(နိုင်)၁၆၉၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စောအောင်မိုးလင်း(ဘ)ဦးအောင်လှစိန် ၃/ဘအန(နိုင်)၄၄၆၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 780726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇူလိုင်မိုး(ဘ)ဦးထွန်းနောင် ၃/ဘအန(နိုင်)၄၄၇၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 024990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သူရအောင်(ဘ)ဦးသိန်းအောင် ၁၄/လပတ(နိုင်)၁၇၈၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၁၅၄၃၂၀

**ပျောက်ဆုံးကြောင်း**
အေးစန္ဒာထွန်း(ဘ)ဦးလှမြင့် ၉/မကန(နိုင်)၁၈၃၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၇၇၉၅၃၃

**ပျောက်ဆုံးကြောင်း**
နန်းမိုခမ်း(ဘ)ဦးစိုင်းဘတင် ၁၃/မဆတ(နိုင်)၀၆၃၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၁၅၇၇၅၃၇

**ပျောက်ဆုံးကြောင်း**
ကျော်ထက်အောင်(ဘ)ဦးအောင်ဝင်း ၁၂/ဥကမ(နိုင်)၂၁၆၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၇၁၂၈၆

**ပျောက်ဆုံးကြောင်း**
မရောင်းလိုင်းရှီး(ဘ)ဦးချစ်ဆွေ ၅/လရန(နိုင်)၀၀၅၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရဲမင်းစိုး(ဘ)ဦးဟန်စိုး ၈/ပခက(နိုင်)၂၇၀၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 971354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၁၈၀၇၂၃

**ပျောက်ဆုံးကြောင်း**
မျိုးမင်းဦး(ဘ)ဦးတင်အုံး ၁၂/လမန(နိုင်)၁၃၃၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 693646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဥမ္မာနွယ်(ဘ)ဦးဖိုးငွေ ၁၄/ဒဒရ(နိုင်)၁၂၆၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၀၇၉၅၉၈

**ပျောက်ဆုံးကြောင်း**
ဟိန်းမင်းထွန်း(ဘ)ဦးအေးမောင် ၇/လပတ(နိုင်)၁၅၉၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၀၉၁၉၂၄

**ပျောက်ဆုံးကြောင်း**
ရဲလှိုင်(ဘ)ဦးမြင့်သိန်း ၁၄/ကပန(နိုင်)၁၇၄၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၄၃၁၉၉၀၄

**ပျောက်ဆုံးကြောင်း**
ခင်ပပဝင်း(ဘ)ဦးမောင်မောင်ဝမ်း ၁၂/မဂဒ(နိုင်)၁၀၂၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 125048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စိုးသီရိကျော်(ဘ)ဦးဝင်းလှိုင်စိုး ၃/မဝတ(နိုင်)၀၅၄၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၉၇၆၄၈၀

**ပျောက်ဆုံးကြောင်း**
ဦးခင်မောင်(ဘ)ဦးကောဝါးလူး ၁၀/ပမန(နိုင်)၀၁၈၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နေလင်းထွန်း(ဘ)ဦးဇော်နိုင် ၁၂/ကမန(နိုင်)၁၂၇၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၃၉၄၉၃၉

**ပျောက်ဆုံးကြောင်း**
ခိုင်သဥ္ဇာဆွေ(ဘ)ဦးညွန့်ဆွေ ၁၂/သဃက(နိုင်)၁၅၄၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၃၆၄၃

**ပျောက်ဆုံးကြောင်း**
ခမ္မိက(ဘ)ဦးနိုင်ရွှေဝင်း ၁၂/ဥကမ(နိုင်)၀၀၀၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၇၃၇၉၆၇၄၂

**ပျောက်ဆုံးကြောင်း**
အောင်သန်းမိုး(ဘ)ဦးသန်းလှိုင် ၉/အမဇ(ပြု)၀၀၀၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 721674)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၉၆၁၀၀၇

**ပျောက်ဆုံးကြောင်း**
မင်းထက်အောင်(ဘ)ဦးခင်မောင်ချို ၁၂/လကန(နိုင်)၂၂၄၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 354569)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၆၉၃၄၉၃

**ပျောက်ဆုံးကြောင်း**
ဇင်မို့မို့လွင်(ဘ)ဦးခင်မောင်မြင့် ၉/မသန(နိုင်)၂၀၇၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ခင်ထူးထူးကျော်(ဘ)ဦးကျော်သာစိန် ၁၁/စတန(နိုင်)၀၇၀၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၀၈၈၄၄

**ပျောက်ဆုံးကြောင်း**
နော်ဆာရာ(ဘ)ဦးစောလီဝေ ၃/မဝတ(နိုင်)၀၉၂၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်အောင်(ဘ)ဦးကျော်ဦး ၁၄/ပသန(နိုင်)၃၂၆၈၇၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MI 241264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၃၆၄၃

**ပျောက်ဆုံးကြောင်း**
ကော်မေကျင်(ဘ)ဦးလော်ဆန် ၁၃/လရန(နိုင်)၂၅၆၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၆၀၉၂၂၆

**ပျောက်ဆုံးကြောင်း**
လင်းမြတ်(ဘ)ဝင်းလွင်ဦး ၁၂/လကန(နိုင်)၃၁၅၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
မောင်မြတ်မင်းဟိန်း(ဘ)ဦးမြတ်ဆန်း ၁၂/သဃက(နိုင်)၁၇၅၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 467586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

# အရိပ်

**မစန္ဒာ**

**"စုလှိုင်ကို ငယ်ငယ်တုန်းက နာနီ၏လက်ထဲအပ်ထားသလို ယခုအခါ၌ မာမီကြီးကိုလည်း ဆရာမလက်ထဲအပ်ထားလေသည်။ စုလှိုင်တို့အိမ်ကြီးကလည်း တစ်ယောက်အခန်းကို တစ်ယောက် ကူးမလာလျှင် ဆုံနိုင်ခဲ့သောအိမ်ကျယ်ကြီးဖြစ်သည်။ ထို့ကြောင့် အခန်းထဲတွင်အနေများသော အဘွားနှင့် အပြင်သို့ အထွက်များသော ဒက်ဒီတို့၊ မာမီတို့သည် မဆုံဖြစ်ကြတော့ပေ. . ."**

**ယမန်နေ့မှအဆက်**

ခြံဝရောက်လုနီးခါမှ သက်သက်ကို မီသည်။ သူ၏လက်မောင်းပြည့်ပြည့်လေးကို အမှတ်မဲ့ဆွဲ၍ ဖမ်းကိုင်လိုက်ရင်း စေတနာအပြည့်ဖြင့်ပြောလိုက်လေသည်။

သက်သက်သည် ကျော်ထွန်းညိုကို မော်ကြည့်ရင်း ပိုပြီးဝမ်းနည်းလာသည်။ မျက်လုံးအစ်အစ်လေးတွင် မျက်ရည်များ ပြည့်လျှံနေပြီး နှုတ်ခမ်းလေးက တဆတ်ဆတ်တုန်ယင်နေသည်။

'စာမေးပွဲကျတာများ အဆန်းလုပ်လို့ မိသက်ရယ်၊ ဒီနှစ်ဆက်ကြိုးစားဟုတ်လား၊ အမှတ်ကောင်းကောင်းနဲ့ အောင်တော့မှ စက်မှုတက္ကသိုလ်လာခဲ့နော်'

ဝမ်းနည်းအားငယ်နေရှာသော မိန်းကလေးကို ကျော်ထွန်းညိုက ကြင်နာစွာကြည့်ရင်း အားပေးစကားပြောမိလေသည်။

■ ■ ■ ■ ■

စုလှိုင်သည် မာမီကြီး၏အခန်းထဲသို့ ခေါင်းပြူကာကြည့်လိုက်သည်။ ညှော်သည် ရောက်နေသည်ကို တွေ့ရသည်။ နောက်ဘက်မှမြင်ရခြင်းဖြစ်သော်လည်း လည်ကုပ်တွင်ထောင်နေသော ပန်းပွားလေးကို တွေ့ရသဖြင့် အန်တီရွှေမှန်း သိလိုက်သည်။ သူသည် ပုလဲပုတီးတိုကပ်ကပ်ကလေးကို ထာဝစဉ်ဆွဲတတ်ကြောင်း စုလှိုင်သိထားလေသည်။ မာမီကြီးနှင့် သက်တူရွယ်တူပင် ဖြစ်သော်လည်း စုလှိုင်က သူ့အား အဘွားဟုခေါ်မည်ကို စိုးရွံ့လှသဖြင့် သူ့ကိုယ်သူ 'အန်တီက အန်တီက' နှင့် ထည့်ပြောတတ်သော အပျိုကြီးဖြစ်သည်။

'ဘာလဲ စုလှိုင်'

မာမီကြီးက လှမ်းမေးသည်။ မာမီကြီး၏ရှေ့တွင်ရှိသော ဗန်းလေးထဲတွင် မာမီကြီးအတွက် ညစာပြင်ထားသည်။ ဆီးချိုရှိသဖြင့် မာမီကြီးသည် အချိုအဆိမ့် လျှော့စားရသည်။ ညစာကို အောက်ထပ်ဆင်းမစားဘဲ အခန်းထဲသို့ ပို့ပေးရလေသည်။

'ဘာမှမဟုတ်ပါဘူး'

စုလှိုင်သည် ပြန်လှည့်ထွက်သွားတော့မည်ပြုပြီးမှ အန်တီရွှေက လှည့်ကြည့်နေသောကြောင့် အခန်းထဲသို့ ဝင်လာရသည်။ မအေးတင်များ မာမီကြီး၏အခန်းထဲတွင် ရှိလေမည်လားဟု ကြည့်မိခြင်းဖြစ်သည်။ ညနေ ရုပ်ရှင်ကြည့်ရန်အတွက် ရွေးထားသော ရွှေဝါရောင်အင်္ကျီလေးသည် အတန်ငယ်ကြေနေသည်ဟု ထင်သောကြောင့် မီးပူတိုက်ခိုင်းရန်ဖြစ်သည်။

'စုလေး ဂုဏ်ထူးသုံးခုနဲ့အောင်တယ်နော်၊ သိပ်တော်တာပဲကွယ်'

အန်တီရွှေက ပြောသည်။ နီရဲနေသော သူ့နှုတ်ခမ်းများကိုစိုက်ကြည့်ရင်း စုလှိုင်က ခေါင်းညိတ်ပြလိုက်သည်။

'ဒီခေတ်ဆယ်တန်းများ အလကားပါပဲ အရွှေရယ်၊ ဘာတတ်လို့လဲ၊ သူတို့သင်တဲ့အင်္ဂလိပ်စာကလည်း ကလေးတန်းသင်တာကျနေတာပဲ၊ ကချော်ကချွတ်နဲ့ ထမင်းစားရေသောက်တောင် ပြောနိုင်တာမဟုတ်ဘူး၊ စိန်တို့ခေတ်က လေးငါးခြောက်တန်းဆိုရင် မွတ်နေပြီနော်'

'မှတ်မိသေးတယ်စိန်ရယ် ဟုတ်ပါရဲ့၊ အရွှေတို့ငါးတန်းတုန်းက ကျောင်းကိုလာစစ်တဲ့ မျက်နှာဖြူဗိုလ်ကြီးတွေက မေးရင်မြန်းရင် အရွှေတို့က အင်္ဂလိပ်လို ပြန်ဖြေရတာ'

'စုလှိုင်၊ ညည်းတို့တွေ ဆယ်တန်းသာ အောင်တယ်၊ ညည်းတို့အတန်းထဲမှာ ဘယ်နှယောက်များ အင်္ဂလိပ်လိုရေရေလည်လည်ပြောတတ်သလဲ'

'အကုန်ပြောတတ်တယ်'

စုလှိုင်က အရွဲ့တိုက်ကာ ဖြေလိုက်သည်။ စုလှိုင်သည် နိုင်ငံနှင့်လူမျိုးကို ချစ်လှသည်မဟုတ်သော်လည်း သူတို့၏ 'မျက်နှာဖြူကိုယ်တော်ကြီးများတမ်းချင်း' ကို နားငြီးလှပြီဖြစ်သည်။

'မတွေ့ရတာကြာလို့ထင်တယ်၊ စုကိုကြည့်ရတာ ဝလာသလိုပဲ'

အန်တီရွှေက အလိုက်တသိ စကားလွှဲလိုက်သည်။ ဘာပဲပြောပြော ဒီအပျိုကြီးသည် မာမီကြီးလောက်တော့မဆိုးဟု စုလှိုင်တွေးလိုက်မိသည်။ မာမီကြီးကမူ အနည်းငယ်မျှ အလိုက်သိသူမဟုတ်ပေ။ သူများနားထောင်ချင်သော၊ မထောင်ချင်သော၊ စိတ်ဝင်စားသော၊ မစားသော စဉ်းငယ်မျှ ဂရုစိုက်လေ့မရှိပေ။ သူပြောချင်ရာကိုသာ ပါးစပ်မှ တံတွေးများစဉ်ထွက်အောင် မနားတမ်းပြောတတ်သူဖြစ်လေသည်။

'ညည်းဒက်ဒီရော ပိန်သလား၊ ဝသလား စုလှိုင်'

မာမီကြီးက ဝင်မေးပြန်သည်။ တစ်အိမ်တည်းသာနေသော်လည်း မာမီကြီးနှင့်ဒက်ဒီသည် မျက်နှာချင်းမဆိုင်ဖြစ်ကြပေ။ မာမီကြီးကို အိမ်ဦးခန်းတွင် သူနာပြုဆရာမ ငှားထားပေးကာ ပြုစုထားသော်လည်း ဒက်ဒီမပြောနှင့် မာမီကိုယ်တိုင်က ပင်လျှင် အရေးတစိုက်မရှိလှပေ။ မာမီကြီးနှင့် ရင်းရင်းနှီးနှီးနေလေ့မရှိပေ။ စုလှိုင်ကို ငယ်ငယ်တုန်းက နာနီ၏လက်ထဲအပ်ထားသလို ယခုအခါ၌ မာမီကြီးကိုလည်း ဆရာမလက်ထဲ အပ်ထားလေသည်။ စုလှိုင်တို့အိမ်ကြီးကလည်း တစ်ယောက်အခန်းကို တစ်ယောက် ကူးမလာလျှင် ဆုံနိုင်ခဲသော အိမ်ကျယ်ကြီးဖြစ်သည်။ ထို့ကြောင့် အခန်းထဲတွင်အနေများသော အဘွားနှင့် အပြင်သို့ အထွက်များသော ဒက်ဒီတို့၊ မာမီတို့သည် မဆုံဖြစ်ကြတော့ပေ။ ထို့ကြောင့် တစ်ခါတစ်ရံ မာမီကြီးက စိတ်တိုလာသောအခါများတွင် ထိုကဲ့သို့ ရွဲ့ကာမေးတတ်လေသည်။

'ဒက်ဒီကတော့ ဝပါတယ်၊ မာမီကခုတလော နည်းနည်းပိန်သလိုပဲ'

'ဖဲရိုက်တာ ညောင်းတယ်အေ့ အညောင်းမိတာပေါ့၊ သူရော ကြည်ကြည်ရော အတူတူပဲ၊ ဟိုမိန်းမကတော့ လင်သေပြီး ဖဲဝိုင်းထောင်စားတာ သူဌေးတောင်ဖြစ်နေပြီ၊ ကြည်ကြည်ကို သိတယ်မဟုတ်လား အရွှေ၊ မမမိရဲ့သားနဲ့ရတာလေ'

'သိပါတယ် စိန်ရဲ့'

'ဒါနဲ့ သူ့ရဲ့သား ဖရက်၊ အဲဖရက်ဒီက ညည်းကိုကြိုက်နေတယ်ဆို စုလှိုင်'

'ဟင် ဘယ်သူပြော'

စုလှိုင်က တအံ့တသြလေးမေးလိုက်သည်။ မာမီကြီးသည် ပါးနပ်စွာ ပြုံးရင်း မျက်လုံးက အိပ်ရာဘေးရှိတယ်လီဖုန်းဆီသို့ရောက်သွားသည်။ စုလှိုင် ချက်ချင်းနားလည်လိုက်လေသည်။ စုလှိုင်တို့အိမ်တွင် တယ်လီဖုန်းလိုင်းခွဲများရှိသည်။ မာမီကြီး၏အခန်းတွင်လည်း တစ်လုံးထားပေးထားသည်။ ဖရက်ဒီနှင့် စုလှိုင် စကားပြောသောအခါများတွင် မာမီကြီးက ကြားမှဖြတ်ကာ နားထောင်ခဲ့ခြင်းဖြစ်ဟန်တူပေသည်။

'ကောင်လေးကမဆိုးပါဘူး၊ ကောလိပ်လည်းရောက်နေပြီပဲ၊ နောက်ပြီး သားတစ်ယောက်တည်း၊ သူ့အမေရှာထားသမျှ သူအကုန်ရမှာ'

မာမီကြီးက ဆက်ပြောနေစဉ် စုလှိုင်သည် ဒေါသငွေ့ငွေ့ထွက်လာလေသည်။ သူတစ်ပါးစကားပြောနေသည်ကို ကြားမှဖြတ်ပြီးနားထောင်ရန် ရစ်ချတ်သခင်ကြီးက သင်ပြခဲ့သလားဟု မေးလိုက်ချင်စိတ်နှင့် ပါးစပ်ယားလာသည်။

'မာမီကြီးက ဖရက်ဒီကို သဘောကျပြန်ပြီပေါ့ ဟုတ်လား'

စုလှိုင်က သရော်ပြုံးလေးနှင့်မေးလိုက်သည်။ ထို့နောက် နာရီကို လှမ်းကြည့်မိသည်။ ညနေငါးနာရီထိုးနေပေပြီ။ ရုပ်ရှင်သွားရန်ပြင်ရဆင်ရဦးမည်ကို သတိရလိုက်သည်။

'ငါရွေးပေးတဲ့လူဆို ဘယ်တော့မှ မမှားဘူး၊ ညည်းအမေကိုကြည့် ဟန်ကိုကျလို့'

စုလှိုင်သည် အဘွားဖြစ်သူ၏မျက်နှာကို စူးစူးရဲရဲစိုက်၍ကြည့်လိုက်မိလေသည်။ ထို့နောက် ပြောင်လှောင်သောအသံလေးနှင့်ပြောလိုက်သည်။

'ဟုတ်တယ် မာမီသိပ်ဟန်ကျတာပေါ့၊ တစ်လကို ဒက်ဒီနဲ့ သုံးလေးခါလောက်ရန်ဖြစ်ရတယ်'

'ဟဲ့ လင်မယား လျှာနဲ့သွားတဲ့၊ ဆန်းသလား'

'နောက်ပြီး ကိုယ့်ယောကျ်ားရဲ့ နံပါတ်နှစ်တွေ၊ သုံးတွေ၊ လေးတွေအကြောင်း သူများက မကြားတကြားပြောတာကို မကြားချင်ယောင်ဆောင်နေရတယ်၊ ကဲ အဲဒါဟန်ကျတာလား'

စုလှိုင်သည် ပြောအပြီးတွင် ချာခနဲလှည့်ကာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ပါးစပ်နီနီရဲရဲကြီး ဟောင်းလောင်းပွင့်လျက် သူ့ကိုငေးကြည့်နေသော အန်တီရွှေကိုပင် နှုတ်မဆက်ခဲ့တော့ပေ။ 'ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့၊ အဲဒါဆန်းသလား'ဟု မာမီကြီးက လှမ်းအော်သည်ကို ကြားသော်လည်း လှည့်မကြည့်တော့ဘဲ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

'မအေးတင် စုကို အင်္ကျီမီးပူတိုက်ပေးပါဦး'

မာမီ၏အခန်းထဲလှမ်းဝင်သွားသော မအေးတင်ကိုမြင်လိုက်သဖြင့် လှမ်း၍အော်ပြောလိုက်သည်။

'စုအင်္ကျီ ဒီကိုယူလာခဲ့ပါလားစုရယ်၊ ဒီမှာ မမထဘီလည်း မပြန့်လို့တဲ့၊ ပြန်တိုက်ရဦးမယ်'

မအေးတင်ကပြောသောအခါ စုလှိုင်သည် သူ့အင်္ကျီလေးကို သွားယူလာခဲ့သည်။ ရုပ်ရှင်သွားရမည့်အကြောင်း စဉ်းစားမိသောအခါ မကျေမနပ်ဖြစ်နေသော စုလှိုင်၏စိတ်ကလေးများသည် အတန်ငယ် အနည်ထိုင်သွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကျင်းပ



မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် မိုင်းခတ်မြို့ရှိ နယ်မြေခံတပ်ဌာနချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ မိုင်းခတ်၊ မိုင်းယန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မိုင်းယန်းခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအားလုံးပါဝင်၍ အေးချမ်းလုံခြုံပြီး လွတ်လပ်စွာမဲပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer(BOT)ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့်ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest-EOI) တင်ပြရန်ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိနိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer(BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် **အနည်းဆုံး(ခုတင်-၁၀၀)**ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy(Word file)များဖြင့် (၁၉-၂-၂၀၂၆)ရက်နေ့၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိက ကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၀၆၁၀
Email-privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန် အကောင်အထည်ဖော်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(ဖြည့်စွက်)ခွင့်ပြုရန်ပုံငွေဖြင့် Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်း (Audio Conference System)တင်သွင်းနိုင်ရေး ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၇-၁၂-၂၀၂၅ ရက်နေ့မှစတင်၍ ဝန်ကြီးရုံးတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် ၂၂-၁၂-၂၀၂၅ ရက်နေ့ ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ရုံးအမှတ် ၃၈၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၆၂၁ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်ကြီးမြို့နေ အဘ ဦးမြင့်လှိုင်၏သား ဦးနေထွဋ်လှိုင်နှင့် ဦးနေထွန်းလှိုင် ၁၀/သဖရ(နိုင်)၀၆၇၇၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးနေထွဋ်လှိုင်(ခ)ဦးနေထွန်းလှိုင်**

### ပျောက်ဆုံးကြောင်း
မထက်ထက်မိုးဝင်း(ဘ)ဦးဝင်းဘို ၉/လဝန(နိုင်)၂၈၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 968831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၈၆၂၈၆၆၅

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၊ ရွာသစ် အမကမှ ကျောင်းအုပ် ဒေါ်နန်းနွယ်နီထွေး(ခ)ဒေါ်နန်းခင်မြင့်ထွေး ၁၃/သပန(နိုင်)၀၀၆၀၅၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နန်းနွယ်နီထွေး(ခ)ဒေါ်နန်းခင်မြင့်ထွေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ(အထူးပြု)၊ ၂၀၂၅ ပညာသင်နှစ်၊ စမ-၄၀(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ထက်မြတ်စိုး၏ဖခင် ဦးကျော်စိုးဦး ၈/တတက(နိုင်)၀၀၀၅၀၅ နှင့် ဦးကျော်စိုးမိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျော်စိုးဦး(ခ)ဦးကျော်စိုးမိုး**

### ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အ.ထ.က(၁) Grade-6 မှ ပညာသင်ကြားနေသော မအိမ့်ကြည်ဖြူခင်၏ဖခင်အမည်မှန်မှာ ဦးသန်းထိုက်ဦး ၁၃/မတန(နိုင်)၀၀၈၁၆၀ ဖြစ်ပါကြောင်း။
**ဦးသန်းထိုက်ဦး**

### ပျောက်ဆုံးကြောင်း
သက်ဝေဖြိုး(ဘ)ဦးအောင်ဝင်း ၁၄/ညတန(နိုင်)၂၂၅၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခန့်သက်ပိုင်(ဘ)ဦးစိုးမင်း ၉/မသန(နိုင်)၂၁၄၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မျိုးမင်းထွေး(ဘ)ဦးကျော်ထွေး ၁၃/ကခန(နိုင်)၀၈၁၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 212009)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သဲစုလှိုင်(ဘ)ဦးဝင်းမြင့် ၅/ကလထ(နိုင်)၃၃၇၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 781895)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝင်းလှိုင်(ဘ)ဦးရုပ် ၅/စကန(နိုင်)၁၉၉၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၀၅၇၅၃၇

### ပျောက်ဆုံးကြောင်း
အောင်နေလင်း(ဘ)ဦးလှမောင် ၉/မကန(နိုင်)၁၈၃၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အေးအေးသွယ်(ဘ)ဦးအေးမြင့် ၇/ညလပ(နိုင်)၁၈၂၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်ဆွေဝင်း(ဘ)ဦးမင်းမင်းအောင် ၈/ဆဖန(နိုင်)၁၁၁၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၈၂၈၀၀၅

### ပျောက်ဆုံးကြောင်း
ဇော်ဟိန်း(ဘ)ဦးပေါရွှေ ၉/သစန(နိုင်)၁၉၈၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၃၉၇၄၀၀

### ပျောက်ဆုံးကြောင်း
ခင်ဇော်(ဘ)ဦးထွန်းရွှေ ၅/တမန(နိုင်)၀၂၉၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၅၁၈၃၂၀

### ပျောက်ဆုံးကြောင်း
အောင်မင်းဇော်(ဘ)ဦးစိုးအောင် ၉/ပမန(နိုင်)၁၆၀၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အ.ထ.က(ခွဲ)ကျွန်းကုန်းကြီး၊ Grade -7 မှ အဘ ဦးလှစိုး၏သမီး မခေတ်သစ်မေအား မခေတ်သစ်ယသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခေတ်သစ်ယသော်**

### ပျောက်ဆုံးကြောင်း
ဌေးဌေးဦး(ဘ)ဦးရဲမြင့် ၁၄/ကခန(နိုင်)၁၁၅၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စောရွှေမောင်(ဘ)ဦးစောတာတော ၁၃/လရန(နိုင်)၂၇၂၂၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 158695)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၁၄၅၂၅

### ပျောက်ဆုံးကြောင်း
အေးအေးခိုင်(ခ)တွမ်ဖေရင်(ဘ)ဦးအောင်ဝင်း ၁၃/လရန(နိုင်)၂၇၃၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 093317)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၉၃၀၀၆၉

### ပျောက်ဆုံးကြောင်း
မေဝင့်ဝါ(ဘ)ဦးအောင်မျိုးလွင် ၁၂/ဒဂမ(နိုင်)၀၃၄၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နေ မအေးအေးသွယ်(ဘ)ဦးအေးမြင့် ၇/ညလပ(နိုင်)၁၈၂၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ ဂျင်မောင်မောင်(ဘ)ဦးမောင်မောင် ၇/ပခန(နိုင်)၃၅၄၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၄၁၆၄၃၇

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ နှင်းဆီမွန်(ဘ)ဦးဝင်းနိုင် ၇/ပခန(နိုင်)၅၂၁၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၉၄၁၆၄၃၇

### ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့နေ မျိုးသန္တာဦး(ဘ)ဦးသိန်းမြင့် ၇/ထတပ(နိုင်)၀၈၈၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 679982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ ရဲလင်းနိုင်(ဘ)ဦးကျင်ဝင်း ၇/ပခန(နိုင်)၄၉၂၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံနေ ဦးစိုးမိုး(ဘ)ဦးစိုးမြင့် ၉/မရမ(နိုင်)၀၄၄၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မော်ဘီမြို့၊ မြို့မ(၄)နေ ရှင်းမြတ်ဘုန်း(ဘ)ဦးအောင်သန့် ၁၂/မဘန(နိုင်)၁၃၇၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 420178)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၇၃၅၅၄

**ပျောက်ဆုံးကြောင်း**
ချမ်းသာ(ဘ)ဦးခင်မောင်မြင့် ၁၃/တယန(နိုင်)၁၃၈၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 083005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝင်းလှိုင်(ဘ)ဦးဝင်း ၇/ကဝန(နိုင်)၀၉၃၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအရှေ့ဘက် အကွက်အမှတ်(၄၄)၊ ဦးလှိုင်မျိုးဦး၏ (အလျား ၄၀'-၀"x အနံ ၅၀'-၀")ဝိုင်းမြေပေါ်တွင် ဦးတင်လှိုင်ဝင်းမှ (၉/မခန(နိုင်)၀၁၂၂၆၀) ကိုင်ဆောင်သူမှ(အလျား ၂၀'-၀"x အနံ ၂၅'-၀")Iron Frame(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ (င)တန်း၊ မြေကွက်အမှတ်(၆)၊ ဦးဘချစ်(သမီး)ဒေါ်ခင်စိန်အမည်ပေါက်(အလျား ၁၅'-၀"x အနံ ၃၀'-၀")ဝိုင်းမြေပေါ်တွင် ဦးအောင်ဖြိုးဦး(၉/မခန(နိုင်)၂၄၄၈၃၂)ကိုင်ဆောင်သူမှ(အလျား ၁၄'-၀"x အနံ ၂၁'-၀")ဝါးထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ အကွက်အမှတ်(၂၃/က)၊ ဦးပိုင်အမှတ်(၃၀)၊ ဦးကောက်ရအမည်ပေါက် ဝိုင်းမြေ ဦးမြင့်ဆွေ၊ ဒေါ်သန်းသန်းဆွေတို့ပိုင်ဆိုင်သည့် (အလျား ၃၅'-၀"x အနံ ၅၀'-၀")ဝိုင်းမြေပေါ်တွင် ဒေါ်ဆွေဇင်သက်(၅/မမန(နိုင်)၀၈၄၈၀၀)ကိုင်ဆောင်သူမှ အရှည်(အလျား ၁၇၀'-၀")အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW





နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


**Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**MYAWADDY TRADING LIMITED**



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd**

ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် Polytechnic University မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် Polytechnic University မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား သတ်မှတ်နေရာအလိုက် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဒီဇင်ဘာရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း အစုန်/အဆန် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

နေပြည်တော် ဒီဇင်ဘာ ၁၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ်ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းအားဖြင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန် ရန်ကုန် -နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် အမှတ်(၇)အဆန် /(၈)အစုန်၊ အမှတ်(၃၁)အဆန်/(၃၂)အစုန်ရထားများအား နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များအနေဖြင့် ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြား၍

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

## (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

စာ - ၁၅ သို့

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ခြင်းလုံးအားကစားပြိုင်ပွဲများတွင် မြန်မာခြင်းလုံးအားကစားအဖွဲ့က ရွှေတံဆိပ်ဆုနှစ်ခုအပါအဝင် ဆုတံဆိပ်ခြောက်ခုရရှိထား

စာ - ၂၇ သို့

